**မြဝတီ** နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀၆)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ တနင်္ဂနွေနေ့

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ လွှတ်တော်အကြောင်း မိတ်ဆက်ပေးရန်နှင့် လွှတ်တော်နှင့် ပြည်သူ၊ လွှတ်တော်နှင့် သတင်းမီဒီယာများအကြား ထိတွေ့နိုင်ရန် **စာမျက်နှာ ၅ ကော်လံ ၁ ➲**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

### ဆောင်းပါး

**ခိုင်မာသည့် လမ်းပြမြေပုံနှင့် ပြည်ထောင်စု၏ အနာဂတ်ရည်မှန်းချက်**

စာ- ၁၂ သို့

**မှိုစိုက်ပျိုးလို့ဝင်ငွေလျှံ စီးပွားဖြစ်တဲ့ရွှေသီးနှံ**

စာ- ၂၂ သို့

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ KNU ၊ AA ၊ ABSDF ၊ SAF နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၂၈၀ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးထံ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများလွှဲပြောင်းအပ်နှံစဉ်။

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို **စာမျက်နှာ ၁၄ ကော်လံ ၁ ❒**

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ **စာမျက်နှာ ၉ ကော်လံ ၁ ▼**

## အားကောင်းသော အယ်လ်နီညိုအခြေအနေတွင်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက်ကြိုတင်ပြင်ဆင်နိုင်ကြပါရန်အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

**(မိုး/ဇလ)**

## မိုးနဲမြို့နယ်၌ မိုးစပါးဧက ၅၇၃၀ စိုက်ပျိုးပြီးစီး



မိုးနဲ ဩဂုတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်၌ မိုးစပါး ၉၅၉၅ ဧက စိုက်ပျိုးရန်လျာထားရာ ဧက ၅၇၃၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လယ်စပါးနှင့်ယာသီးနှံစိုက်ပျိုးသည့်တောင်သူများအား စိုက်ပျိုးစရိတ်ငွေးရမ်းခသက်သာစေရန်နှင့် ခေတ်မီစက်ကိရိယာများဖြင့် စနစ်တကျစိုက်ပျိုးနည်း **စာမျက်နှာ ၉ ကော်လံ ၁ ◆**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂ ရက်)

# နိုင်ငံတော်နှင့်ပြည်သူတို့၏အဖြစ်ချင်ဆုံးဆန္ဒ

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိရာ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲထွက်ပေါ်လာသည့် တတိယအကြိမ်ဒီမိုကရေစီအစိုးရသည် ၂၀၂၆ ခုနှစ်ဧပြီလ ၂၀ ရက်မှရက် ၁၀၀ အတွင်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ရန်စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါရက်(၁၀၀)ပြည့်သည့်နေ့မှာ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်မှုရက်ပေါင်း(၁၀၀) ပြည့်မြောက်သည့်ကာလသည် နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များကို စတင်ချမှတ်နိုင်ခဲ့သည့် သမိုင်းဝင်ကာလတစ်ခုဖြစ်သည်။ "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"ဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထားမှုရရှိပြီး ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိနေရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ နိုင်ငံတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက သမင်မွေးရင်း ကျားစားရင်းဆိုသကဲ့သို့ အစိုးရကတည်ဆောက်ပေးထားသည့်အရာမှန်သမျှကို အကြမ်းဖက်အဖျက်သမားတို့က ဖျက်ဆီးနေမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများ လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေးကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ရက်ပေါင်း(၁၀၀)အတွင်း ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုတင်ကန့်သတ်ချက်မရှိဘဲဆွေးနွေးရန်ဖိတ်ခေါ်ခဲ့သည်။

နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတံခါးကိုဖွင့်လှစ်ထားဆဲဖြစ်သည်။ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုရောက်ရှိနေသူများ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာစေရန်နှင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးရန်အတွက် ရက်ပေါင်း ၁၀၀ အတွင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၁၃ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏လိုလားချက်ပန်းတိုင်မှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေးဖြစ်သည်။ ပြည်သူအားလုံးက မိမိတို့နေထိုင်သည့် မြန်မာနိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းစေချင်သည်။ ဖွံ့ဖြိုးတိုးတက်စေချင်သည်။

နိုင်ငံအတွင်းကြုံတွေ့နေရသည့် သဘောထားကွဲလွဲမှုများနှင့်လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာအဖြေရှာကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) အားလုံးကိုတွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ်နေသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အနာဂတ်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းကြရမည်ဖြစ်သည်။ အမှန်ဆိုရလျှင် ယနေ့အချိန်အခါတွင် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွတည်ဆောက်ကြရန် မင်္ဂလာအချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ရက်(၁၀၀)ပြည့် နိုင်ငံတော် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ "ငြိမ်းချမ်းရေးအတွက်လည်း စကားလက်ဆောင် ပြောကြားပေးစေလိုပါတယ်"ဟူသောမေးမြန်းမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက **"ငြိမ်းချမ်းရေးက ကျွန်တော်တို့ အလိုချင်ဆုံးဆန္ဒဖြစ်ပါတယ်။ ငြိမ်းချမ်းမှ တိုင်းပြည်တိုးတက်အောင်လုပ်လို့ရမယ်။ နိုင်ငံတကာနဲ့ရင်ဆိုင်နိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ခေတ်ကာလနဲ့ကိုက်ညီတဲ့အခြေအနေကို သွားနိုင်ဖို့အတွက် သက်ဆိုင်တဲ့ပုဂ္ဂိုလ်များက ဒါကိုမျှော်မှန်းချက်ကြီးကြီးနဲ့လုပ်ဆောင်သွားဖို့လည်း လိုအပ်ပါတယ်။ ဖြစ်နိုင်တာတွေလုပ်ကြမယ်ဆိုရင် ဖြစ်ပါတယ်။ မဖြစ်နိုင်တာတွေသွားမယ်ဆိုရင် အခက်အခဲတွေရှိနေကြဦးမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးက ကျွန်တော်တို့နိုင်ငံအတွက် အဓိကဦးစားပေးလိုအပ်ချက်ဖြစ်ပါတယ်။ သက်ဆိုင်သူတွေအားလုံးက အသိတရားရှိရှိနဲ့ ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်"**ဟူ၍ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက်တိုင်းရင်းသားပြည်သူအများငြိမ်းချမ်းသာယာဝပြောရေးကိုတည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ပေရာ"တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"နှင့်"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး" သည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံး၏အလိုချင်ဆုံးဆန္ဒဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ပေါက်ခေါင်း ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ပေါက်ခေါင်းမြို့ ချောင်းဖောက်ကျေးရွာ၌ ဩဂုတ်လ ၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အဖွဲ့ဝင် ဦးမျိုးသန့်ဝင်းနှင့် ပေါက်ခေါင်းမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီနီထွေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များကျဉ်းမြောင်းစေရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်နည်းလမ်းနှင့် စီမံကိန်းရွေးချယ်ရာတွင် အခြေခံရမည့်မူများ၊ စီမံကိန်းအဓိကလုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားပြီး ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံမှ ကဏ္ဍကြီး(၆)ရပ်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ချောင်းဖောက်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း၏ ငါးနှစ်တာစီမံချက်လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာပြည်သူများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကိုရွေးချယ်ဖွဲ့စည်းကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ကန့်ဘလူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၉၁၄၁၄ ဧကနှင့် ဖူးစားပြောင်း ၄၈၅ ဧကစိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းဧက ၈၅၀၁၀ နှင့် ဖူးစားပြောင်းဧက ၇၅၀ စုစုပေါင်း ဧက ၈၅၇၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလကစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အစေ့ထုတ်ပြောင်း ၉၁၄၁၄ ဧကနှင့် ဖူးစားပြောင်း ၄၈၅ ဧက စုစုပေါင်း ၉၁၈၉၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီ ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၈၅၀၀၀ ကျော် လျာထားစိုက်ပျိုးရာမှာ ယနေ့အထိ ဧက ၉၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ လျာထားဧကပြည့်မီကျော်လွန်ရေးအတွက်လည်း တောင်သူတွေကိုစည်းရုံးဆောင်ရွက်နေပါတယ်၊ ဒီပြောင်းသီးနှံတွေအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ အသိပညာပေးဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေအပြင် တိုက်နယ်အလိုက် ကွင်းတာဝန်ခံများက စိုက်ကွင်းအရောက်အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ် " ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမြင့်က ပြောသည်။

ဒေသခံတောင်သူများ စိုက်ပျိုးထားသောသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် စနစ်တကျစောင့်ကြည့်ဆောင်ရွက်ကာ မြေမှန်၊ မျိုးမှန်၊ စိုက်စနစ်မှန်ကန်ရေးနှင့်နည်းပညာများ ဖြန့်ဝေပေးနိုင်ရေးတို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး |
| ၃။ | ၀၆:၅၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၇:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၁၀:၃၀ | စာပေနှင့်အနုပညာသတင်း |
| ၆။ | ၁၀:၃၅ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၇။ | ၁၄:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက် |
| ၈။ | ၁၇:၃၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၉။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း အစိမ်းရောင်နေ့သစ်များ သရုပ်ဆောင်-ဘုန်းမြတ်မောင်၊ မြယာ၊ ခွန်းဆင့်သံသာ၊ ဦးရွှေမိုး၊ ဒေါ်သန်းဝင်း ဒါရိုက်တာ-အောင်ဘုန်းခိုင် (iMotion)** |

Online Newspaper

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နှင်းဝတ်ရည်ဖွေး၊ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## တောင်ကြီးမြို့နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်ရှိ အရိယဝံသမြို့ဦးကျောင်းတိုက်၌ အခြေပြု၍ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၀၀ ပါးအား သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ Ultrasound စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘူမိအရှေ့ရပ်ကွက်ရှိ ရတနာဒီပဘုရား၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ (၁၈၃)ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဇမ္ဗူအေး အေတီတပ်ဦးကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အခြေခံပညာကျောင်းများ၊ ဘုရားစေတီများနှင့် ဘူတာရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် အပါအဝင်မြို့နယ်(၃)မြို့နယ်ရှိဘုရားစေတီများ၊ အခြေခံပညာကျောင်းများ၊ ဘူတာရုံများ၊ ပြည်သူ့ဆေးရုံ၊ ပန်းခြံနှင့်သောက်သုံးရေကန်တို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့်သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် -၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၃၀-၆-၂၀၂၄ ရက် ည ၈ နာရီမှ ၃၁-၇-၂၀၂၄ ရက် ည ၈ နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သီတင်းနေ့တိုင်ရောက်လျှင် တနင်္ဂနွေနေ့လည်း ဆုံနေသည်နှင့် "မောင်ထွန်းမြတ်တို့ သီလယူကြမယ်မဟုတ်လား၊ ဒီကနေ့ တနင်္ဂနွေနေ့လည်းဖြစ်တယ်၊ ကြုံတဲ့အခါမှ စောင့်ရတာ စောင့်ကြနော်" ဟု မဂျမ်းပုံကပြောလျှင် မောင်ထွန်းမြတ်လည်း "ကောင်းပါပြီ အစ်မကြီး"ဟုပြောလေ၏။ ထမင်းစားပြီး၍ မောင်ထွန်းမြတ်လည်း မော်တော်ကားကြီးထုတ်လာသည်ကို မဂျမ်းပုံမြင်လျှင် "အလို… ဘာလုပ်မလို့လဲ မင်းက ဒီဟာကြီးနဲ့"

"နေပူတယ် အစ်မကြီးရဲ့၊ ခင်က မသွားနိုင်ပေဘူး"

"အမယ် မင်းက နန်းဦးတိုက်သီလခံသွားတာများ ဒီဟာကြီးနဲ့သွားမလို့ပေါ့လေ၊ လွန်လွန်းတယ်တော်၊ နေပူလို့ အရည်များဖြစ်သွားမယ်တဲ့လား" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း စကားတုံ့ပြန်၍ မပြောဘဲ အိမ်ပေါ်သို့တက်သွား၍ "ကဲ… ခင် သွားကြစို့"ဟု ခင်စိန်ကြည်ကိုခေါ်လာပြီးလျှင် ထွက်သွားကြလေ၏။ လမ်းတွင် ထီးကြီးကိုဆောင်းလျက် ချွေးတလုံးလုံးဖုန်တထောင်းထောင်းနှင့် သွားနေသော မဂျမ်းပုံကိုတွေ့ကြရာ မဂျမ်းပုံမှာ လှည့်မကြည့်ဘဲ မမြင်ချင်ပြုလျက်သွားလေ၏။

သီလခံ၍အပြန် ကျောင်းပေါက်တွင် မိမိရီသည် မိန်းကလေးအဖော်အချို့နှင့် ရပ်လျက် ခေတ္တစကားပြောနေရာ မောင်ထွန်းမြတ် လင်မယားတို့လည်း ထွက်လာကြပြီးလျှင် မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏လက်ကိုကိုင်၍ မော်တော်ကားပေါ်သို့ တင်လိုက်သည်ကို မိမိရီမြင်လိုက်ရလျှင် အနေခက်လှ၍ မျက်နှာပျက်လျက်ရှိလေ၏။ မော်တော်ကားထွက်ခါနီးတွင် မောင်ထွန်းမြတ်သည် မော်တော်ကားပေါ်မှ မိမိရီကိုမြင်သဖြင့် "အလို…မိမိရီလား၊ ဒေါ်ဒေါ်မာရဲ့နော်"ဟု နှုတ်ဆက်၍သွားလေ၏။ ခင်စိန်ကြည်က "တယ်ချောပါကလား၊ သူ့နာမည်က ဘယ့်နှယ်တဲ့"

"မိမိရီတဲ့"

"ဩော် … မိမိရီ တယ်သနားစရာကောင်းတဲ့ နာမည်ကလေးပဲ"

■ ■ ■ ■ ■

**အခန်း (၁၂)**

တနင်္ဂနွေနေ့တစ်နေ့၌ ရာဇဝတ်ဝန်ထောက်မင်း သားအမိ သားအဖ ၃ ယောက်တို့သည် မောင်ထွန်းမြတ်၏အိမ်သို့ လာ၍လည်ကြရာ ခင်စိန်ကြည်သည် မိမိအခန်းတွင်းတွင် ခေါင်းဖြီးလျက်ရှိနေသဖြင့် အခန်းပြင်၌ မိနှစ်နှင့်မစောတို့သည် အစေခံတို့ဘာဝ ပြောဆိုလျက်နေကြသည်ကို ခင်စိန်ကြည်သည် ကြားရလေ၏။

နှစ်။ ။ "အမိန့်တော်ရကတော်ရှိလား"

စော။ ။ "ရှိတယ်"

နှစ်။ ။ "ရာဇဝတ်ဝန်ထောက်မင်းတို့လာကြတယ်၊ မိမိရီလည်း ပါလာတယ်၊ ဝတ်လို့စားလို့ ကြည့်ပါဦးမစော၊ သူမို့ လာဝံ့ပါပေတယ်"

စော။ ။ "ဘာဖြစ်လို့လဲ"

နှစ်။ ။ "ရှင်က မသိသေးဘူးလား၊ သူက ကိုကို့ကို လူပျိုကတည်းက ကြိုက်နေတာပေါ့တော့၊ ကိုကိုပြန်လာရင် သူတို့သုံးဦးသုံးပတ်လည် ဘယ့်နှယ်နေကြမလဲ၊ ကြည့်စမ်းချင်လှတယ်ရှင်"ဟု ပြောလေ၏။

ထို့နောက် မစောလည်း ခင်စိန်ကြည့်အခန်းတွင်းသို့ဝင်၍"ဧည့်သည်လာတယ်တဲ့ မမလေးဘုရား"ဟု ပြောလျှင် ခင်စိန်ကြည်လည်း အဝတ်အစားလဲပြီး၍ အိမ်အောက်သို့ ဆင်းသွားလေ၏။ အိမ်အောက်သို့ရောက်လျှင် ဝတ္တရားရှိသည့်အတိုင်း ဧည့်ခံ၍ နာရီဝက်ခန့် စကားပြောဆိုကြပြီးနောက် ဝန်ထောက်ကြီးတို့သည် ပြန်ကြမည်ဟုထနေကြစဉ် မဂျမ်းပုံဝင်လာ၍ ထမင်းစားပြီးမှပြန်ကြရန် တားလေ၏။ သို့သော်လည်း ဝန်ထောက်မင်းက မိမိမှာကိစ္စရှိသေး၍ မနေနိုင်။ မိမိရီမှာ နေလိုကနေနိုင်သည်ဟုပြောလျှင် မိမိရီမှာ မဂျမ်းပုံက တားသည်ဖြစ်သောကြောင့် နေရစ်ခဲ့လေ၏။

ခင်စိန်ကြည်သည်လည်း မိမိရီကိုမြင်လျှင်မြင်ချင်း အစေခံမစောနှင့် မိနှစ်တို့ပြောကြသည့်စကားကို သတိရလေကြောင်း။ မိမိရီမှာလည်း မိန်းမချောကလေးတစ်ယောက်ပင်ဖြစ်သဖြင့် အနည်းငယ်မနာလိုသောစိတ်ဖြစ်မိသည့်အတိုင်း ထိုင်၍စကားပြောနေကြစဉ် ခင်စိန်ကြည်၏ သပ်သပ်ရပ်ရပ်ဝတ်ပုံစားပုံနှင့် ကျက်သရေရှိသောမျက်နှာကို စိုက်၍ကြည့်လျက် စိတ်မချမ်းသာဖြစ်ရှာ၏။

ဝန်ထောက်ကြီးလင်မယား ပြန်သွားကြလျှင် မိမိရီသည် ခင်စိန်ကြည်၊ မဂျမ်းပုံတို့နှင့် ပြတင်းပေါက်အနီးတွင်ရပ်လျက် စကားပြောနေကြစဉ် မောင်ထွန်းမြတ်သည် ဝင်းပေါက်မှဝင်လာ၍ မိန်းမသုံးယောက်ကိုမြင်လျှင် ပြုံးလျက် အိမ်တွင်းသို့ဝင်လာပြီး"မိမိရီတို့များ အခုမှပဲ လာပေတော့တယ်ဗျာ"ဟု နှုတ်ဆက်လျှင် မိမိရီသည် မျက်နှာပျက်၍သွားသည်ကို ခင်စိန်ကြည်မြင်လိုက်လေ၏။

ထမင်းစား၍ပြီးကြလျှင် မဂျမ်းပုံသည် မိမိရီကိုခေါ်၍ မိမိစိုက်ထားသော မုန်လာထုပ်ခင်း၊ နိုကိုခင်းတို့ကို ပြလျက်ရှိရာ မိမိရီက "ဘယ့်နှယ်အစ်မကြီး၊ ယောက်မတော်နဲ့ တော်တော်တည့်ကြပါစ"ဟုမေးလျှင် မဂျမ်းပုံက "မိန်းကလေးက အတော်သားပဲဟေ့၊ အစကတော့ ငါက ဟန်ကြီးပန်ကြီးနဲ့ တော်တော်လေလှိုင်းမယ့်ဟာကလေး မှတ်ပေတယ်"

"အခုတော့ သူက ဒီလိုမဟုတ်ရှာဘူးဟေ့၊ သူ့လင်တော့ တော်တော်ချစ်တဲ့လက္ခဏာရှိတယ်၊ လင်ရုံးပြန်ကို မျှော်ချည်းနေတာပဲ၊ လင်မရှိမှဖြင့် သူ့မျက်နှာက မကောင်းဘူး"ဟု ပြောလေ၏။

ထိုအခါ မိမိရီသည် မိမိနမ်းလျက်ရှိသော နှင်းဆီပန်းကလေးကို ပွတ်ခြေရင်း "သူ နေ့လယ်တိုင်း ဘာလုပ်နေသလဲ"

"ဘာလုပ်လိမ့်မလဲတော်၊ ဘာမှမလုပ်ပါဘူး၊ သီချင်းကလေးနည်းနည်းဆိုရဲ့၊ စန္ဒရားကလေးနည်းနည်းတီးရဲ့၊ စာကလေးလည်း ခဏတစ်ဖြုတ်ဖတ်၊ ဧည့်သည်ကလေးများလာရင်လည်း ဧည့်ခံရဲ့၊ ဒါပဲ ဒီပြင်ဖြင့် သူ့လင်ရုံးသွားရင် လမ်းအထိ လိုက်သွားပြီး မဖင့်ဖင့်အောင်လုပ်၊ ဟိုအကောင်ကလည်း ဒါကို သဘောကျလွန်းလို့ ကြည်လို့ တစ်မနက်ဟာတော့ အေမိုးတွေကလည်းသည်းလို့ လေတွေကလည်း ကျလို့ ဒါတောင် မနေဘူး၊ လိုက်ပို့မိအောင်ပို့သေးတယ်၊ ငါကတောင် မနေနိုင်လို့ အဝတ်တွေ ရေစိုကုန်ပါ့မယ်ပြောတော့ ကိစ္စမရှိပါဘူးတဲ့၊ သူ့မှာတော့ အဝတ်ပျက်စီးတာ ဘာကိစ္စရှိလိမ့်မလဲ၊ ဟိုအမိုက်ကောင်ကကော အခုများဖြင့် အမှုတောင် တယ်ပြီးဂရုမစိုက်ဘူး၊ သူ့မယားကလေးပဲ ဂရုစိုက်ဖော်ရတော့တယ်"ဟု ပြောလျှင် မိမိရီက "ဒါတော့ ဟုတ်ပေသားပဲ အစ်မကြီးရယ်"ဟု ထောက်၍ပြောလေ၏။

ထိုအခါ မဂျမ်းပုံက "ဘာဟုတ်ရမလဲ၊ ညည်းက ဟိုတစ်နေ့ညနေတုန်းကလည်း ဟိုဟာကြီးစီးပြီး (မဂျမ်းပုံမှာ မော်တော်ကားဟု မခေါ်ချင်သောကြောင့် ဟိုဟာကြီးဟုခေါ်လေ့ရှိ၏။) လင်မယားနှစ်ယောက်လည်တော်မူကြတာပေါ့လေ၊ ငါ့ဖြင့် ထမင်းစားမယ်လို့ တမျှော်မျှော်နဲ့ စောင့်လိုက်ရတာ လာနိုင်ကြဘူး၊ တော်တော်နဲ့ လာပြန်တော့လည်း ယောကျ်ားလုပ်တဲ့အကောင်က ထမင်းပွဲက ခေါင်းကိုက်တယ်လို့ထသွားရင်ပဲ မိန်းမလုပ်တဲ့ဟာက ထမင်းပြီးအောင်မစားဘဲ လင်နောက်ထလိုက်သွားပါရော၊ ဒါနဲ့ ငါက အခန်းတံခါးတွန်းဖွင့်ပြီး ထမင်းလက်စမသတ်ဘူးလားမေးမယ်လုပ်တော့ အမယ်… ယောကျ်ားပက်လက်ကုလားထိုင်ပေါ်လှဲပြီး မိန်းမက အနားဒူးထောက်ပြီး ဒီရေမွှေးရှူပါ၊ ဒီဘမ်းဘူးလိမ်းပါ၊ ဒီဆေးသောက်ပါနဲ့ တကတဲ လုပ်နေလိုက်ကြတာ ငါက အမြင်ကတ်တယ်၊ ကြာတော့ တကယ်ဆိုအေ ယောကျ်ားပဲ၊ ဒီလောက်တောင်လုပ်နေရသလား၊ ငါနဲ့ချည်းနေတုန်းကတော့ ဒီအကောင် ဒီလိုဖြစ်ရင် ဝမ်းနုတ်ဆီ နှစ်ဇွန်းလောက်တိုက်ပြီး စောစောအိပ်ခိုင်းလိုက်တာပဲ၊ ပြီးရော"ဟု ပြောလျှင် မိမိရီမှာ ဘာမှပြန်မပြောဘဲ မျက်နှာလွှဲလျက်နေလေ၏။

ဤသို့ပြောဆိုနေကြစဉ် မာလီကုလားနှင့်တွေ့၍ မဂျမ်းပုံသည် ၎င်းအား ဥယျာဉ်စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ အမိန့်ပေးလျက်ရှိနေခိုက် မိမိရီလည်း အိမ်တွင်းသို့ ပြန်၍ဝင်သွားပြီးလျှင် စန္ဒရားတီးသံကြားသဖြင့် အခန်းတံခါးကို ဖြည်းညင်းစွာတွန်း၍ဖွင့်လိုက်ရာ ခင်စိန်ကြည်၊ မောင်ထွန်းမြတ်တို့ စန္ဒရားတီးနေသည်ကို မြင်ရလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

> **"သီလခံ၍အပြန် ကျောင်းပေါက်တွင် မိမိရီသည် မိန်းကလေးအဖော်အချို့နှင့် ရပ်လျက် ခေတ္တစကားပြောနေရာ မောင်ထွန်းမြတ် လင်မယားတို့လည်း ထွက်လာကြပြီးလျှင် မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏လက်ကိုကိုင်၍ မော်တော်ကားပေါ်သို့ တင်လိုက်သည်ကို မိမိရီမြင်လိုက်ရလျှင် အနေခက်လှ၍ မျက်နှာပျက်လျက်ရှိလေ၏ . . ."**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း / ဒေသတရားသူကြီးများ / ခရိုင်တရားသူကြီးများ၏(၃၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၁

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဇူလိုင်လ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် Online Virtual စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတရားသူကြီးများ/ခရိုင်တရားသူကြီးများ၏(၃၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ဇူလိုင်လ ၃၁ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




ထပ်ဆင့်ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၃၂၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## ပွင့်ဖြူမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းများဆောင်ရွက်

ပွင့်ဖြူ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကလေးငယ်များ ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရများစားသုံးနိုင်စေရန်၊ ကိုယ်ကာယကျန်းမာစွာ ပြုမူနေထိုင်တတ်စေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဇူလိုင်လ ၃၁ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲလင်းတိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများသို့သွားရောက်၍ KG ကျောင်းသား၊ ကျောင်းသူများကို အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲလင်းတိုးက ကလေးငယ်တိုင်း ကိုယ်ခန္ဓာကျန်းမာဖွံ့ဖြိုးစေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရများ မှီဝဲစားသုံးခြင်းဖြင့် ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေမည့် အကျိုးကျေးဇူးများ၊ အာဟာရဖွံ့ဖြိုးရေး၏ အရေးပါပုံနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ရန်အချက်များကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးပြောကြားသည်။

အဆိုပါအာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၅ ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူ ၅၂၉ ဦးအား ကျွေးမွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)**

ᑐ ရှေ့ဖုံးမှအဆက်

ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးများလည်း ဤခန်းမ၌ပင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည့် အစဉ်အလာရှိပါကြောင်း။

အလားတူ နိုင်ငံတကာလွှတ်တော်များ၌လည်း သတင်းစာရှင်းလင်းပွဲများ ကျင်းပလေ့ရှိပါကြောင်း၊ အဓိကတာဝန်ဖြစ်သော ဥပဒေကြမ်းများ ပြုစုပြီးစီးချိန်နှင့် လွှတ်တော်၏ပုံမှန်အစည်းအဝေးသက်တမ်း တစ်ခုပြီးဆုံးချိန်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်လေ့ရှိရာ ယခုသတင်းစာရှင်းလင်းပွဲမှာ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပြီးဆုံးချိန်တွင် ကျင်းပခြင်းဖြစ်ပါကြောင်း။

လွှတ်တော်နှင့်ပတ်သက်၍ အနည်းငယ် မိတ်ဆက်ပြောကြား လိုပါကြောင်း၊ လွှတ်တော်ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြပြီး အနီးစပ်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့်ကိုယ်စားလှယ်များလာရောက်စုစည်းထားသည့် နေရာဖြစ်ကြောင်း၊ လွှတ်တော်တွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral System) နှင့် လွှတ်တော်တစ်ရပ်တည်းစနစ် (Unicameral System) ဟူ၍ အမျိုးအစားများရှိပါကြောင်း၊ နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေနှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ဖွဲ့စည်းမှုအပေါ် မူတည်၍ နိုင်ငံတကာတွင် လွှတ်တော်နှစ်ရပ်ရှိသည့်နိုင်ငံများ ရှိသကဲ့သို့ လွှတ်တော်တစ်ရပ်တည်း ကျင့်သုံးသည့် နိုင်ငံများလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့် လူဦးရေ ၅၁ သန်းကျော်ရှိပြီး လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲသည် အခြားနိုင်ငံများ၌ အောက်လွှတ်တော်ဟုခေါ်ဝေါ်သည့် ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ကို နယ်မြေနှင့်လူဦးရေအပေါ် အခြေခံ၍ မြို့နယ် ၃၃၀ အတွက် ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ နှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀၊ စုစုပေါင်း ၄၄၀ ရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် လစ်လပ်နေရာများရှိနေသဖြင့် ကိုယ်စားလှယ် ၃၅၁ ဦးဖြင့်သာ ဖွဲ့စည်းထားပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန် (၄)ရပ်ရှိရာ ပထမတာဝန်မှာ ဥပဒေပြုရေးမဏ္ဍိုင်လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ရှိ အကြီးအကဲများကို ရွေးချယ်အတည်ပြုပေးရခြင်းဖြစ်ပါကြောင်း၊ ဒုတိယတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပြီး လက်ရှိတည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်းများဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တတိယတာဝန်အနေဖြင့် ကျန်မဏ္ဍိုင်များကို ပေါင်းစပ်ညှိနှိုင်းခြင်း(Check and Balance) ပြုလုပ်ရပြီး စတုတ္ထတာဝန်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူကို ကိုယ်စားပြုခြင်း (Represent) အဖြစ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

အဆိုပါတာဝန်များကို အကောင်အထည်ဖော်ရန်လွှတ်တော်ကော်မတီများကိုဖွဲ့စည်းထားပြီး အမြဲတမ်းကော်မတီ (Standing Committee) ၄ ခုနှင့် သီးခြားကော်မတီ (Select Committee) ၁၈ ခု စုစုပေါင်း ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီများကို လွှတ်တော်ငယ်များ သို့မဟုတ် လွှတ်တော်၏ထောက်တိုင်များဟုခေါ်ဆိုကြပြီး လွှတ်တော်လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အလွန်အရေးပါကြောင်း။

လွှတ်တော်သည် အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးပေးသည့် ကြားခံအဖွဲ့အစည်းဖြစ်ပြီး "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် လွှတ်တော်နှင့် ပြည်သူအကြား ချိတ်ဆက်ပေးရန်နှင့် ပြည်သူယုံကြည်အားကိုးရသော နိုင်ငံတော်အတွက် အထောက်အကူပြုသည့် လွှတ်တော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝိုင်းဝန်းကူညီပေးကြရန်ရည်ရွယ်၍ ယခုသတင်းစာရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာနန္ဒာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် စုစုပေါင်း ၄၈ ဖွဲ့တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

## လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုလျော့နည်းပပျောက်စေရန် စွမ်းဆောင်ရည်ကျဆင်းနေသည့်မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများလျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုအခါ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုကို လျော့နည်းပပျောက်စေရန်အတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြု သက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအားလဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများ လျင်မြန်စွာ တပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ Digital Smart Meter များအား အသုံးပြုမည့်ပြည်သူများလက်ဝယ်သို့ မဖြန့်ဖြူးမီ လုံခြုံရေး Seal ခတ်နှိပ်နေသည့်မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအား အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နေသည့် AMI Control Center နှင့် ဓာတ်အားကွပ်ကဲရေးဌာနခွဲ (နေပြည်တော်)ရှိ National Control Center တို့ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအပိုင်း၌ နေ့စဉ်ပို့လွှတ်သည့် ဓာတ်အားပမာဏ၏ ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၁၀ ဒသမ ၇ ယူနစ်သန်းခန့် ဆုံးရှုံးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့် ပျမ်းမျှ ကျပ်သန်းပေါင်း ၂၇၅၀ ကျော် နေ့စဉ်ဆုံးရှုံးလျက်ရှိသည့်အတွက် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံ (Infrastructure) များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူပြည်သူများအနေဖြင့်လည်း သုံးစွဲနိုင်မှုအခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဘက်စုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ Digital Talent & Career Fair 2026 ကျင်းပ

ရန်ကုန် ဩဂုတ် ၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MDEA)တို့ ပူးပေါင်းကျင်းပသည့် Digital Talent & Career Fair 2026 အခမ်းအနားကို ဇူလိုင်လ ၃၁ ရက်က ရန်ကုန်မြို့ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။


အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်က အမှာစကားပြောကြားပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသင်းသုနိုင်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (MDEA) ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က အမှာစကားပြောကြားသည်။ ယင်းနောက် ကွန်ပျူတာတက္ကသိုလ်များမှ အလုပ်သင်တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ပညာသင်ဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ်များမှ အလုပ်သင်တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ၏ Talent Show Case များကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**




## ဂန့်ဂေါမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်



ဂန့်ဂေါ ဩဂုတ် ၁

ကျောင်းသား၊ကျောင်းသူများ နိုင်ငံသားတစ်ဦး၏အခွင့်အရေးနှင့် သက်သေခံအထောက်အထားများ ပြည့်စုံစွာရရှိကိုင်ဆောင်နိုင်စေရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၃၁ ရက်က ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ဂန့်ဂေါ) ၌ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖွန်ဇမ်းက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)မှ ကျောင်းသား ၂၆ ဦးနှင့် ကျောင်းသူ ၄၀ ဦး စုစုပေါင်း ၆၆ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ကြသည်။

အလားတူ ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၉၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

## ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား ကျောင်းသူများဖြစ်စေရေး အသိပညာပေးဟောပြော

ဘားအံ ဩဂုတ် ၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများဖြစ်စေရေး ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လ ၃၁ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ် ကျုံဖဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ လူငယ်နှင့်စာပေယဉ်ကျေးမှု၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လူငယ်နှင့်အားကစား၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လူငယ်နှင့်ပတ်ဝန်းကျင်၊ ကရင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များဖြစ်စေရေး၊ မွန်စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့မှ မွန်စာပေယဉ်ကျေးမှုသိကောင်းစရာများခေါင်းစဉ်တို့ဖြင့် တာဝန်ရှိသူတစ်ဦးစီတို့က အသီးသီးဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ချမ်းမြေ့**

## ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကျင်းပ



ပုသိမ် ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စု ရွှေမြင်တင်ကျေးရွာ ကျွန်းခြားဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၃၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် ပုသိမ်ခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းတို့က နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ကျေးရွာ ၂၆ ရွာအား ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့ကြောင်း၊ ရွှေမြင်တင်ကျေးရွာ၌ အိမ်ထောင်စု ၉၅ စုအား မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ရရှိလာသော မြေငှားဂရန်များကို မပျောက်ပျက်အောင် ထိန်းသိမ်း၍ အကျိုးရှိအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကျေးရွာမြေငှားဂရန်များကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ဆောင်ရွက်၍ ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက ရွှေမြင်တင်ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၉၅ စုမှ ကိုယ်စားလှယ်များထံ မြေငှားဂရန်များပေးအပ်သည်။ အခမ်းအနားသို့ ပုသိမ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ ပုသိမ်ခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေး (၄) မိနစ်စာ ကာတွန်း Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ် အသိပညာပေးကာတွန်း Animation ဗီဒီယိုပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် ကာတွန်း Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲခေါင်းစဉ်ကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။
(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်ကို မြန်မာဘာသာဖြင့်သာဖော်ပြရမည်။
(ဂ) (၄) မိနစ်စာ (Animation video) ဖန်တီးယှဉ်ပြိုင်ရမည်။
(ဃ) Animation Video ထုတ်လုပ်၍ ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။
(င) https://www.moswrr.gov.mm/awareness/movie-clips?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။
(စ) File format သည် mp4/ wmv/ avi ၊ အနည်းဆုံး FullHD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File size သည် 1GB ထက်မပိုစေရ။
(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။
(ဇ) Animation ဗီဒီယိုများအတွက် မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။
(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation များမဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။
(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။
(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့်မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation များကို သင့်လျော်သည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation များပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Soft Copy ကို အီးမေးလ် (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကို အခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် Animation ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **လျှပ်စီးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်**ဒီဇိုင်းပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် လက်ကမ်းစာစောင်ကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ **မည်သူမဆို**ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) လျှပ်စီးဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကို ဘေး အန္တရာယ် (၃) မျိုးလုံးကိုဖြစ်စေ၊နှစ်သက်ရာဘေးအန္တရာယ် (၁) မျိုးစီကိုဖြစ်စေ ရွေးချယ်ယှဉ်ပြိုင်နိုင်သည်။
(ခ) သရုပ်ဖော်ပြသချက်ပုံများသည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်လူနေမှုဘဝကို ပေါ်လွင်စေရမည်။
(ဂ) ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်ပြုလုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။
(ဃ) https://www.moswrr.gov.mm/awareness/pamphlets website ရှိ အသိပညာပေးလက်ကမ်းစာစောင်များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။
(င) Resolution (300 dpi)နှင့် JPG (သို့) PNG Format၊ အရောင်သတ်မှတ်ချက် (CMYK) ဖြင့် ရေးဆွဲရမည်။
(စ) အကြောင်းအရာဖော်ပြချက်နှင့်ကိုက်ညီသော ဒီဇိုင်းပုံများ ဖန်တီးပေးရမည့်အပြင် စာသားနှင့်ပုံများကို (၄) ခေါက်ချိုးလက်ကမ်းစာစောင် (Legal Size – 8.5"x 14") ပြုလုပ် ယှဉ်ပြိုင်ရမည်။
(ဆ) မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။
(ဇ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော (သို့မဟုတ်) ဖော်ပြထားပြီးဖြစ်သော ဒီဇိုင်းပုံများမဖြစ်ရ။ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။
(ဈ) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးလွှဲပြောင်းပေးရမည်။
(ည) သတ်မှတ်ရက်ကျော်လွန်သော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရွေးချယ်ခြင်းမခံရသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ ဒီဇိုင်းပုံများနှင့် ရေးဆွဲထားသော Design ပုံများပါဝင်သည့် လက်ကမ်းစာစောင် Hard Copy နှင့် Soft Copy ကို လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ တယ်လီဖုန်း၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm@gmail. com သို့ ၁၅-၉-၂၀၂၆ နေ့၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဒီဇိုင်းပုံနှင့်လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ လျှပ်စီးဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးနှင့် မိုးခေါင်ရေရှားဘေးတို့အတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ အဆိုပါလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများကို ခေတ်ကာလအားလျော်စွာ ဆန်းသစ်သောဖန်တီးမှုအတွေးအမြင်များ၊ နည်းပညာသစ်များဖြင့် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်စေမည့် လက်ကမ်းစာစောင်ဒီဇိုင်းများနှင့် Animation ဗီဒီယိုများအဖြစ် ပြုပြင်ဆောင်ရွက်လိုပါ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းရေးဆွဲခြင်းနှင့် Animation ဗီဒီယိုဖန်တီးခြင်းတို့ကို ပြိုင်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲကို မူလဆောင်ရွက်ထားသော လက်ကမ်းစာစောင်များကို အခြေခံ၍ **လျှပ်စီးဘေး၊ လေပြင်းဘေးနှင့် ရေဘေး**တို့အတွက်လည်းကောင်း၊ အလားတူ Animation ဗီဒီယိုပြိုင်ပွဲကို **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ်**တို့အတွက် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပညာရှင်များပါဝင်သောအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၏ Website စာမျက်နှာ https://www.moswrr.gov.mm/ တွင်လည်းကောင်း၊ အောက်ဖော်ပြပါ QR Code တွင်လည်းကောင်း ကြည့်ရှုယှဉ်ပြိုင်လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy တို့ကို လျှောက်လွှာနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ဖြစ်စေ၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail.com သို့ဖြစ်စေ ၁၅-၉-၂၀၂၆ နေ့၊ ၁၆ : ၀၀ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၆။ သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းအား ရယူပါဝင်ယှဉ်ပြိုင်ပေးနိုင်ပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုဦးစီးဌာန**


# အထိုင်များလွန်းသော လူနေမှုပုံစံ၏လျှို့ဝှက်အန္တရာယ်

ဒေါက်တာသိဂီကျော်

ကမ္ဘာပေါ်တွင် အသက်အရွယ်ကြီးသူ ပိုမိုများပြားလာခြင်းနှင့်အတူ အာရုံကြောဆိုင်ရာရောဂါများသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခု ဖြစ်လာကြောင်းတွေ့ရသည်။ ယနေ့ခေတ် အထိုင်များလွန်းသော လူနေမှုပုံစံကြောင့် အသက်အရွယ်ကြီးရင့်လာခြင်းနှင့်ဆက်စပ်သော သိမြင်မှုဆိုင်ရာကျဆင်းမှုများ ပိုမိုဆိုးရွားလာကြောင်း အသိအမှတ်ပြုထားသည်။ ကြာရှည်စွာထိုင်နေခြင်းနှင့် လှုပ်ရှားမှုမရှိခြင်းတို့သည် လူတစ်ဦးချင်းစီအား အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေပိုများစေကြောင်း ပညာရှင်များကဖော်ပြထားကြသည်။ မကြာသေးမီက လေ့လာမှုတစ်ခုအရ ခေတ်သစ်လူ့အဖွဲ့အစည်းများတွင် လဲလျောင်းခြင်း သို့မဟုတ် ထိုင်ခြင်းကဲ့သို့သောအပြုအမူများ တိုးလာခြင်းသည် လေ့ကျင့်ခန်းလုပ်သော အသက်အရွယ်ကြီးသူများတွင်ပင် ဦးနှောက်ကျုံ့ခြင်းနှင့် သိမြင်မှုစွမ်းရည်ကျဆင်းခြင်းဖြစ်ပွားနိုင်ကြောင်း တွေ့ရှိခဲ့သည်။

အလေ့အထများစွာသည် ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေသော်လည်း အထိုင်များလွန်းသော လူနေမှုပုံစံသည် ထင်ထားသည်ထက် ဦးနှောက်ကို ပိုမိုမြန်ဆန်စွာအိုမင်းစေနိုင်ကြောင်း ဦးနှောက်ကျွမ်းကျင်သူများက သတိပေးထားသည်။ အထိုင်များလွန်းသော လူနေမှုပုံစံသည် သွေးလည်ပတ်စီးဆင်းမှုကို နှေးကွေးစေပြီး ဦးနှောက်ဆဲလ်များကို အောက်ဆီဂျင်ငတ်မွတ်စေသောကြောင့် သွေးပေါင်ချိန်ကို မြင့်တက်စေသည်။ လှုပ်ရှားမှုမရှိခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ အသုံးမပြုရသေးသောသတ္တုပေါ်ရှိ သံချေးကဲ့သို့ ဦးနှောက်ကျန်းမာရေးကို ပိုမိုမြန်ဆန်စွာ ထိခိုက်စေနိုင်ပြီး ဦးနှောက်၏အိုမင်းရင့်ရော်မှုကို အရှိန်မြှင့်စေသည်။

တစ်ခါတစ်ရံ လေ့ကျင့်ခန်းလုပ်သော်လည်း တီဗွီကြည့်ခြင်းနှင့် ဖန်သားပြင်အသုံးပြုခြင်းကဲ့သို့ နာရီပေါင်းများစွာထိုင်ခြင်းသည် ဦးနှောက်သို့ သွေးစီးဆင်းမှုကိုလျော့ကျစေခြင်းကြောင့် မှတ်ဉာဏ်ဗဟိုချက်ဖြစ်သည့် Medial temporal lobe တွင် ပါးလွှာခြင်းကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာပြောင်းလဲမှုများကို ဖြစ်စေသည်။ ဦးနှောက်ပမာဏသေးငယ်လာပြီး သိမြင်မှုစွမ်းရည် ပိုမိုမြန်ဆန်စွာကျဆင်းလာခြင်းနှင့် မှတ်ဉာဏ်ချို့ယွင်းခြင်းပြဿနာများကြောင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မားခြင်းမှာဆက်စပ်နေသည်။




### အထိုင်များလွန်းသောအပြုအမူနှင့် ဦးနှောက်ကျန်းမာရေးအပေါ် သက်ရောက်မှုများ

အထိုင်များလွန်းသော လူနေမှုပုံစံဖြစ်သည့် စားပွဲတွင်အလုပ်လုပ်ခြင်း၊ တီဗွီကြည့်ခြင်း သို့မဟုတ် ကြာရှည်ထိုင်နေစဉ် မိုဘိုင်းလ်ဖုန်းကို အချိန်ကြာမြင့်စွာသုံးစွဲခြင်းကဲ့သို့သော လုပ်ဆောင်ချက်များသည် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုနှင့် ကယ်လိုရီသုံးစွဲမှုကို လျော့ကျစေသည်။

ဦးနှောက်သည် ခန္ဓာကိုယ်အလေးချိန်၏ ၂ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ခန္ဓာကိုယ်တွင် ဇီဝဖြစ်စဉ်အများဆုံးအင်္ဂါများထဲမှ တစ်ခုဖြစ်သောကြောင့် ခန္ဓာကိုယ်အတွက် အောက်ဆီဂျင်နှင့် အာဟာရဓာတ်များ၏ ၂၀ ရာခိုင်နှုန်းခန့် လိုအပ်သည်။ တစ်နေ့လုံးနီးပါး ထိုင်နေခြင်းက ဦးနှောက်သို့ အောက်ဆီဂျင်နှင့် အာဟာရဓာတ်များထောက်ပံ့မှုကို ထိခိုက်စေနိုင်သည်။ ကြာရှည်စွာလှုပ်ရှားမှုမရှိခြင်းသည် ဦးနှောက်သို့ သွေးစီးဆင်းမှုလျော့ကျနိုင်ပြီး အချိန်ကြာလာသောအခါ ဦးနှောက်ဆဲလ်များ၏ လုပ်ဆောင်ချက်နှင့်ပြုပြင်ထိန်းသိမ်းမှုအတွက် လိုအပ်သော အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို ဆုံးရှုံးစေကာ မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်စေနိုင်သည်။ အထိုင်များလွန်းသော လူနေမှုပုံစံသည် ဦးနှောက်အိုမင်းရင့်ရော်မှုကို အရှိန်မြှင့်စေပြီး သိမြင်မှုဆိုင်ရာ စွမ်းရည်ကျဆင်းမှုကိုဖြစ်စေနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုမရှိခြင်းက အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။

ထို့ကြောင့် တစ်ပတ်အတွင်း အကြိမ်ပေါင်းများစွာ လေ့ကျင့်ခန်းလုပ်ခြင်းက အရေးကြီးသော်လည်း အချိန်ကြာမြင့်စွာ ထိုင်ပြီးအနားယူခြင်းကို ဖြတ်တောက်ရန်အတွက် ထိုင်ရာမှ မကြာခဏထပြီး အနည်းငယ်လှုပ်ရှားမှုပြုလုပ်ရန် အရေးကြီးသည်။ လေ့လာမှုတစ်ခုအရ အသက် ၆၀ နှင့် ၇၀ ကြားရှိ သက်ကြီးရွယ်အိုများသည် လေ့ကျင့်ခန်းလုပ်ခြင်းကို စတင်ပြီး နှစ်နှစ်ကြာလိုက်နာသောအခါ အသက်အရွယ်ကြီးရင့်လာခြင်းနှင့်ဆက်စပ်သော သိမြင်မှုစွမ်းရည်ကျဆင်းမှုကို လျော့ကျစေပြီး စိတ်ပိုင်းဆိုင်ရာစွမ်းရည်များကိုပင် တိုးတက်ကောင်းမွန်စေကြောင်း တွေ့ရှိခဲ့သည်။

### ဦးနှောက်ကျန်းမာရေးကို ကာကွယ်ရန် ရိုးရှင်းသောနည်းလမ်းများ

ပုံမှန်လှုပ်ရှားမှုသည် သွေးစီးဆင်းမှုကို တိုးတက်ကောင်းမွန်စေပြီး ဦးနှောက်ကျန်းမာရေးကိုပံ့ပိုးပေးနိုင်သဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုအန္တရာယ်ကို လျှော့ချပေးသည်။ လေ့ကျင့်ခန်းလုပ်ခြင်းကြောင့် သွေးစီးဆင်းမှုများလာခြင်းသည် ဦးနှောက်မှအန္တရာယ်ရှိသော ဓာတုပစ္စည်းများကို ဖယ်ရှားပေးနိုင်သည်။ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများ စားသုံးခြင်းသည် ဦးနှောက်ကိုကာကွယ်ပေးသည်။ ထို့ကြောင့် ဦးနှောက်ကို ကာကွယ်ရန် နေ့စဉ်လှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်သင့်သည်။ အသင့်အတင့် ပြင်းထန်သောလှုပ်ရှားမှုများကို နေ့စဉ်ပြုလုပ်ခြင်းသည် သွေးပေါင်ချိန်ကို စီမံခန့်ခွဲရန်နှင့် ဦးနှောက်ကိုတက်ကြွနေစေရန် အထောက်အကူပြုသည်။

နေ့စဉ် ထိုင်သောအချိန်ကိုလျှော့ချရန် မိနစ် ၃၀ ကြာတိုင်း ထပြီးရပ်ရန်၊ ဆန့်ရန် သို့မဟုတ် လမ်းလျှောက်ရန် ဖုန်းနှိုးစက်ကိုသတ်မှတ်ပါ။ ဦးနှောက်ကို လှုံ့ဆော်ပေးသော စာဖတ်ခြင်း သို့မဟုတ် ပဟေဠိများဖြေဆိုခြင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာ တက်ကြွစေသော လှုပ်ရှားမှုများသည် တီဗွီကြည့်ခြင်းနှင့် ဖန်သားပြင်အသုံးပြုခြင်းတို့ထက် ဦးနှောက်ကျန်းမာရေးအတွက် ပိုကောင်းပါသည်။

ဦးနှောက်အိုမင်းရင့်ရော်မှုကိုနှေးကွေးစေရန် နေ့စဉ် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာ၊ သင့်လျော်ကောင်းမွန်သောအိပ်စက်ခြင်းနှင့်အတူ လူမှုဆက်ဆံရေးအချိန်တို့နှင့် တွဲဖက်လုပ်ဆောင်ပြီး အကောင်းဆုံးကာကွယ်မှုရယူသင့်သည်။ ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်းတို့သည် ဦးနှောက်အိုမင်းခြင်းနှင့် မှတ်ဉာဏ်ချို့ယွင်းခြင်းအန္တရာယ်ကို မြန်ဆန်စေနိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။

သို့ဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံအပြုအမူများတွင် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှု၊ အာဟာရ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာပါဝင်ဆောင်ရွက်မှုများပါဝင်ပြီး ယင်းတို့အားလုံးသည် အသက်အရွယ်ကြီးလာသည့်လူဦးရေတွင် သိမြင်မှုဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုသည်။

အချုပ်အားဖြင့်ဆိုရသော် အထိုင်များသောလူနေမှုပုံစံသည် ဦးနှောက်အိုမင်းခြင်းနှင့် မှတ်ဉာဏ်ချို့ယွင်းခြင်းအန္တရာယ်ကိုမြန်ဆန်စေသော်လည်း နေ့စဉ် ပုံမှန်လှုပ်ရှားမှုများသည် မှတ်ဉာဏ်ချို့ယွင်းမှုနှင့် သိမြင်မှုစွမ်းရည်ကျဆင်းခြင်းအန္တရာယ်ကိုလျှော့ချပေးနိုင်ကြောင်း ကျန်းမာသုတမျှဝေလိုက်ရပါသည်။

---

## တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

မြောင်းမြ ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီမှကြီးမှူး၍ တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၃၁ ရက်က မြောင်းမြမြို့ ကံကြီးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဒေါ်ခင်ဌေးမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်တို့က အမှာစကားများပြောကြားကြသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်ဦး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတေဇာထွန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဌေးဌေးအောင်နှင့် ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝင်းနိုင်တို့က တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနွဲ့သိဂီက Moderator အဖြစ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများက သက်ဆိုင်ရာနယ်ပယ်အလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **ချမ်းမြေ့**

---

## ဝိုင်းမော်မြို့နယ်၌ ဗလမင်းထင်-နောင်ချိန်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မြေပြင်ကွင်းဆင်းစစ်ဆေး

ဝိုင်းမော် ဩဂုတ် ၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်မည့် ဗလမင်းထင်-နောင်ချိန်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မြေပြင်အခြေအနေများကို ဩဂုတ်လ ၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမောင်မောင်မိုးဝင်း၊ ဝိုင်းမော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဒေဝအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် တင်ဒါအောင်မြင်သည့် Green Kiseki ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် ပျက်စီးနေသော လမ်းပိုင်းအရှည် ၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၉ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြစ်ဆုံနဂါးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် ရေကျော်ပျက်စီးခဲ့သော လမ်းပိုင်း အရှည် ၂ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၉ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တာဝန်ရှိသူများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး စနစ်တကျဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဗလမင်းထင်-နောင်ချိန်းလမ်း လမ်းပိုင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါလမ်းများကို အသုံးပြုသွားလာနေသည့် ကျေးရွာ ရှစ်ရွာမှ အိမ်ခြေ ၁၆၀၈ အိမ် လူဦးရေ ၆၈၅၄ ဦးတို့အတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့် (ကျေးလက်)**

# အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်မိတ်ဆက်


ရန်ကုန် ဩဂုတ် ၁

စွယ်တော်ပုံနှိပ်တိုက်မှထုတ်ဝေကာ အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်၏ လူတစ်ဦး ဘဝခရီးအစမှ ပညာသင်ဘဝ၊ ဝန်ထမ်းဘဝ၊ သားကောင်းတမန်ဘဝအတွေ့အကြုံများ ဘဝအဖြစ်အပျက်မှတ်တမ်းအဖုံဖုံ ရေးသားထုတ်ဝေထားသည့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဂုဏ်ပြုစကားပြောကြားပြီး အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်က မိမိ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ထွက်ရှိလာမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ဦးကိုကိုလတ်၊ စွယ်တော်ပုံနှိပ်တိုက်မှ ဦးတင်အောင်ကျော်တို့က အမှတ်တရစကားများပြောကြားခြင်း၊ အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်၏သမီးကြီးဖြစ်သူ ဒေါ်ခင်မာနွယ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

သံအမတ်ကြီးဦးလှမောင်(ဘောဂ)၊ သံအမတ်ကြီး ဒေါက်တာလှမောင် (ဘောဂ)ကလောင်အမည်ဖြင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းတို့တွင် လူမှု၊ စီးပွားရေးဆိုင်ရာ ဆောင်းပါးများရေးသားခဲ့ပြီး သုတေသနစာတမ်းပေါင်း ၂၀၀ ခန့် ရေးသားပြုစုခဲ့ပြီး ယခုကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်အပါအဝင် လုံးချင်းစာအုပ်စုစုပေါင်း ၁၂ အုပ် ရေးသားပုံနှိပ်ထုတ်ဝေခဲ့ကြောင်းသိရသည်။ **ကျော်ကြီး**




**▼ ရှေ့ဖုံးမှအဆက်**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။ **(မိုး/ဇလ)**

**◆ မိုးနဲမြို့နယ်မှ**

စနစ်များရှင်းလင်းသရုပ်ပြခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများအား ကွင်းဆင်းအသိပညာပေးခြင်း၊ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအတွက် သွင်းအားစုများဖြစ်သည့် ကွန်ပေါင်းမြေဩဇာတို့ကို ပံ့ပိုးပေးအပ်ပြီးဖြစ်သည်။

မိုးနဲမြို့နယ်၌ လယ်စပါး ဧက ၅၇၃၀ စိုက်ပျိုးပြီးစီးသည့်အပြင် ယာစပါး ၁၃၆၉ ဧကနှင့် တောင်ယာစပါး ၁၁၁ ဧကတို့ကိုလည်း ရာနှုန်းပြည့် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## ဘဝလမ်း

✦ ငါလျှောက်မည့်လမ်း၊ ဆူးခက်လွှမ်း၍
မြက်ကြမ်း လိမ်ရှုပ်၊ နွယ်ချုံပုတ်နှင့်
သစ်ငုတ်များစွာ၊ ကျည်းတန်စွာလျှင်
ဆီးကာအံ့လော၊ သို့ တွေးတောလျက်
ဒေါသမာန်ဝင်၊ ကန်ကျောက်စဉ်ဝယ်
ငါလျှင် ခံခက်၊ သွေးစက်စက်ဖြာ
ခြေလက်နာ၏။

✦ ဤလမ်း၌ပင်၊ အတွေးပြင်၍
မြက်ပင်ကိုနုတ်၊ ဆူးကိုခုတ်၏
သစ်ငုတ်ကိုထွင်း၊ ချုံကိုရှင်း၏
တေးချင်းဆိုကာ၊ ဤနေရာဝယ်
ငါနှင့်မခြား၊ လူအများတို့
သွားစေ လာစေ၊ ပြေချောစေ ဟု
စိတ်နေမြင့်စွာ၊ ကျင့်သောခါဝယ်
လိုရာ ငါရောက် ခဲ့ပါ၏။

✦ လမ်းကောင်း လမ်းဆိုး၊ ထို နှစ်မျိုးတွင်
ဆိုးကောင်းဟူဘိ၊ မြင်အသိကို
မိမိစိတ်သာ ဖန်ဆင်း၏။ ။

မြင်းမူမောင်နိုင်မိုး

**MWD Education, Knowledge & Sports Channel**

၂-၈-၂၀၂၆ (တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ မှ ၁၀:၀၀ | Grade-12 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ မှ ၁၄:၀၈ | Grade-12 | ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၃။ | ၁၆:၀၀ မှ ၁၆:၅၆ | Grade-12 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၆:၅၆ မှ ၁၇:၅၀ | Grade-12 | သမိုင်း၊ ဘောဂဗေဒ |

# ၂၀၂၆ ခုနှစ် ဩဂုတ်လ ပထမ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၃ ပေခန့်နှင့် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၂ ပေခန့်နှင့် ပဲခူးမြို့တွင် ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၄ ပေခွဲခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**



## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော တပ်မတော်သားအပေါင်းတို့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သွေးလှူဒါန်းကြမည့် သွေးအလှူရှင်များအား ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။

အခမ်းအနားသို့ တပ်မတော်ဆေးရုံကြီးမှ တပ်မှူး၊ အရာရှိ၊ စစ်သည်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သွေးအလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ သွေးလာရောက်လှူဒါန်းကြသူများအား တပ်မတော်ဆေးရုံကြီးမှ တာဝန်ရှိသူများက ဆေးဝါး၊ အာဟာရအစားအစာများ၊ ရေသန့်နှင့်ကြက်ဥများ ပေးအပ်ခဲ့ပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှလည်း အလှူငွေများ ပေးအပ်ကြသည်။

ယခုလှူဒါန်းမှုသည် (၁၁)ကြိမ်မြောက် လှူဒါန်းမှုဖြစ်ပြီး သွေးအလှူရှင် ၂၂၀ ဦးခန့် လာရောက်လှူဒါန်းကြကြောင်း သိရသည်။

ခင်မောင်တင်

## ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်ပတ်သက်သည့် စက်မှု၊ လက်မှု ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပြည် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်ပတ်သက်သည့် စက်မှု၊ လက်မှုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပြည်နည်းပညာတက္ကသိုလ်သို့ရောက်ရှိခဲ့ရာ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြနန္ဒာလွင်က ပြည်နည်းပညာတက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ပညာသင်ကြားပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်နည်းပညာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်အလိုက် လက်တွေ့စမ်းသပ်ထားရှိသည့် Project များအား ကြည့်ရှုအားပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ပြည်မြို့ ဂန္ဓမာစက်မှုဇုန်ရှိ ဦးဆန်းအောင်၏ ခေတ္တရာဆီစက်မှဒေသထွက်ပဲပုပ်များအား အသင့်စားသုံးနိုင်သည့် ဆီသန့်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ဒေါ်ရွှေစင်၏ "သီတာမြန်မာ" အမျိုးသမီးဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ရေးအလုပ်ရုံသို့လည်းကောင်း၊ ပြည်မြို့ ဦးမြတ်လမ်းရှိ လုပ်ငန်းရှင် ဦးလှိုင်မျိုးထွန်း၏ "အေဝမ်း" စပါးနှင့် ပဲအမျိုးမျိုးခြွေလှေ့စက်ထုတ်လုပ်ရေးအလုပ်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အသေးစားနှင့် အလတ်စား တစ်ပိုင်တစ်နိုင် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်သွားနိုင်ရန်အတွက် နည်းပညာနှင့်ချေးငွေရရှိရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ဥဿာတိုင်းသား

**အသက်သည်သွေး သွေးသည်အသက်၊ သင့်သွေးဖြင့် အသက်ကယ်ပါ။**

## ပျော်ဘွယ်မြို့နယ်၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းဝင်များ၊ စာပေဝါသနာရှင်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

ပျော်ဘွယ် ဩဂုတ် ၁

ပျော်ဘွယ်မြို့နယ်၌ လူကြီးလူငယ်မရွေး စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်များ ရရှိစေရေးနှင့် ဖတ်ရှုပြီးသော အကြောင်းအရာများကို ပြန်လည်မျှဝေတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းဝင်များ၊ စာပေဝါသနာရှင်များ စုပေါင်း၍ စာဖတ်ဝိုင်းကျင်းပခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အသင်းဝင်များနှင့် စာပေဝါသနာရှင်များက စာရေးသူ ဦးသိန်းလှိုင်ရေးသားသည့် ဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံတွေထဲက ဘဝသင်ခန်းစာများစာအုပ်ကို ဖတ်ရှုပြီးနောက် မိမိတို့၏ အတွေးအမြင်များကို အပြန်အလှန်ဆွေးနွေးကြသည်။

စာပေဝါသနာရှင်များက စာရေးသူသည် ပညာတတ်ရုံဖြင့်မပြီး ကိုယ်ကျင့်တရားနှင့် စည်းကမ်းရှိမှု အရေးပါမှုအကြောင်း၊ အကျင့်ပျက်ခြင်း၊ အပျော်လွန်ခြင်း၊ အချိန်ဖြုန်းခြင်းတို့၏ နောက်ဆက်တွဲဆိုးကျိုးများ၊ မိဘ သို့မဟုတ် ဆရာတို့၏ စံပြဖြစ်မှုအခန်းကဏ္ဍ၊ မျိုးဆက်တစ်ခုနှင့်တစ်ခုအကြား အတွေးအခေါ်ကွာဟမှုအပေါ် ညှိနှိုင်းဆောင်ရွက်တတ်ရမည့် အကြောင်းအရာများ စသည်တို့ကို အသိပညာပေးထားပါကြောင်းနှင့် လူငယ်တိုင်းလိုက်နာဆောင်ရွက်သင့်သည့် အကြောင်းအရာများဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၀၂)

## ၂၀၂၆ ခုနှစ် ဩဂုတ်လ ပထမ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**။ ။ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**။ ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**။ ။ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**။ ။ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**။ ။မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၇၀ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**။ ။ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၅ မီလီမီတာမှ ၂၆ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၇ မီလီမီတာမှ ၃၈ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၃၉ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**။ ။နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့်မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

## နိပါတ်တော်လာ သိမှတ်စရာ

# စစ်မှန်သော နက္ခတ်အချိန်ကောင်း (နက္ခတ္တဇာတ်)



မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နက္ခတ်အခါကိုစောင့်မျှော်၍ မင်္ဂလာပြုတတ်သော ပုဏ္ဏားတစ်စုအားအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမြို့၌ ပညာရှိပုဂ္ဂိုလ်တစ်ဦးဖြစ်၍နေ၏။ ၎င်းဗာရာဏသီမြို့တော်၌ နေထိုင်သော ပုဏ္ဏားတစ်စုတို့သည် ဇနပုဒ်၌နေသော အမျိုးသမီးတစ်ဦးနှင့် မိမိတို့၏သားဖြစ်သူအား ထိမ်းမြားပေးရန် စေ့စပ်ကြောင်းလမ်းထားကြ၏။ မင်္ဂလာဆောင်မည့်နေ့သို့ရောက်သောအခါ မိမိတို့ ကိုးကွယ်သော အာဇီဝကတက္ကတွန်းထံသွားရောက်၍ နက္ခတ်အခါကောင်းမကောင်းကို မေးမြန်းကြ၏။

အာဇီဝကတက္ကတွန်းသည် မင်္ဂလာရက်ကို မသတ်မှတ်မီ ရှေးဦးစွာ လာရောက်မတိုင်ပင်ဘဲ ရက်သတ်မှတ်ပြီးမှ လာရောက်မေးမြန်းသည်ကို မလိုလားသဖြင့် အမျက်ထွက်၍နေ၏။ ထို့ကြောင့် ကလဲ့စားချေလိုသောစိတ်ဖြင့် "ယနေ့သည် မကောင်းသောနက္ခတ်နှင့် ကြုံကြိုက်နေသဖြင့် မင်္ဂလာဆောင်ပါက ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်အံ့" ဟု လိမ်ညာ၍ဆိုလိုက်၏။

ပုဏ္ဏားတို့မိသားစုသည် တက္ကတွန်း၏စကားကို အမှန်ဟုယုံကြည်ကြသဖြင့် ထိုနေ့၌ သတို့သမီး၏ အိမ်သို့မသွားဘဲ မိမိတို့အိမ်၌ပင် ဆိုင်းငံ့၍နေကြ၏။ သတို့သမီး၏အမျိုးတို့သည် မင်္ဂလာညွှန့်ခံပွဲအတွက် အထူးပြင်ဆင်ထားကြသော်လည်း ချိန်းဆိုထားသော မင်္ဂလာရက်၌ သတို့သားဘက်မှ ရောက်မလာသဖြင့် "သူတို့သည် ငါတို့အပေါ် မထီမဲ့မြင်ပြုကြသည်တကား" ဟုဆိုကာ သတို့သမီးအား အခြားသောအမျိုးသားတစ်ဦးနှင့် ချက်ချင်းပင် မင်္ဂလာဆောင်ပေးလိုက်ကြ၏။

နောက်တစ်နေ့သို့ရောက်သောအခါမှ ပုဏ္ဏားတို့မိသားစုသည် ရောက်ရှိလာကြပြီး သတို့သမီးအား တောင်းဆိုကြ၏။ ထိုအခါ သတို့သမီး၏အမျိုးတို့က "သင်တို့သည် ချိန်းဆိုထားသောရက်၌ ရောက်မလာဘဲ သတို့သမီးကို အဖိုးမတန်သကဲ့သို့ပြုကြပေသည်၊ ထို့ကြောင့် ငါတို့သည် အခြားသူနှင့် ပေးစားလိုက်လေပြီ" ဟုဆိုကာ ငြင်းပယ်လိုက်ကြ၏။

ထိုအချိန်၌ မင်္ဂလာပွဲသို့ရောက်ရှိနေသော ဘုရားလောင်းပညာရှိသည် ပုဏ္ဏားတို့၏ မိုက်မဲသော အပြုအမူကိုမြင်တွေ့ရလျှင် "အကျိုးစီးပွားကိုလိုလားသူသည် သင့်တော်သော နက္ခတ်အခါကိုသာ အစဉ်မျှော်လင့်စောင့်ဆိုင်းနေအံ့၊ ထိုသို့စောင့်ဆိုင်းနေစဉ်အတွင်း ဆိုက်ရောက်လာသော အကျိုးစီးပွားသည် ထိုလူမိုက်ကို လွန်မြောက်၍သွားလေ၏။ အကျိုးစီးပွားရရှိခြင်းသည်သာလျှင် စစ်မှန်သော နက္ခတ်ကောင်းဖြစ်၏၊ ကောင်းကင်ယံ၌ရှိကြကုန်သော ကြယ်တာရာတို့သည် အဘယ်အကျိုးကို ပြီးစီးစေနိုင်ကုန်အံ့နည်း" ဟု အဓိပ္ပာယ်ရသောဂါထာကို ရွတ်ဆို၍ ဆုံးမလေ၏။

ဇာတ်ပေါင်းသော် မင်္ဂလာဆောင်ကိုဖျက်ဆီးသော အာဇီဝကတက္ကတွန်းသည် ယခုအခါ၌လည်း မင်္ဂလာပွဲကိုဖျက်ဆီးသော တက္ကတွန်းဖြစ်လာ၏၊ ထိုအချိန်က ပညာရှိအမတ်သည် ယခုအခါ၌ ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်တော်မူ၏။ နိပါတ်တော်လာ သိမှတ်စရာ အနေဖြင့် စစ်မှန်သော နက္ခတ်အချိန်ကောင်း ဆိုသည်မှာ မိမိတို့ရရှိနိုင်သောအခွင့်အလမ်းနှင့် အကျိုးစီးပွားကို အချိန်မီဖမ်းဆုပ်၍ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပြီး ဗေဒင်နက္ခတ် စသည်တို့ကိုသာ ပဓာနထား၍ စောင့်ဆိုင်းနေသူမှာ ရရှိနိုင်သော ကောင်းကျိုးချမ်းသာများကိုပင် လက်လွှတ်ဆုံးရှုံးရတတ်ပေသည်။ ။

**သုတကြွယ်**

---



# ပအိုဝ်းတိုင်းရင်းသားတို့၏ ဓမ္မရောင်ခြည်အောက်က ဝါဆိုပန်းကူးပွဲတော်

ပအိုဝ်းတိုင်းရင်းသားတွေဟာ ရှေးဘိုးဘေးဘီဘင်လက်ထက်ကတည်းက ဗုဒ္ဓဘာသာကို အလွန်ကိုင်းရှိုင်းကြသူတွေဖြစ်ကြပြီး ဝါဆိုလဆန်းပိုင်းစတင်တာနဲ့ ဝါဆိုလပြည့်နေ့မတိုင်မီကာလတွေမှာ တစ်ရွာလုံးစုပေါင်းပြီး ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ဖို့နဲ့ ပန်းကူးပွဲကျင်းပဖို့ တက်ကြွစွာပြင်ဆင်လေ့ရှိကြပါတယ်။ ဒီပွဲတော်ဟာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရုံတင်မကဘဲ မိသားစုအလိုက်၊ ရွာလုံးကျွတ် စည်းလုံးညီညွတ်မှုကို ခိုင်မာစေတဲ့ အဓိကယဉ်ကျေးမှု ပေါင်းကူးတံတားတစ်ခုလည်း ဖြစ်ပါတယ်။



ပန်းကူးပွဲတော် ကျင်းပဖို့အတွက် ပအိုဝ်းတိုင်းရင်းသားလူငယ်မောင်မယ်တွေဟာ ဝါဆိုလပြည့်မတိုင်မီ မိုးဦးကျကာလမှာ တောင်ပေါ်တောတောင်တွေဆီ စုပေါင်းသွားရောက်ကြပြီး စိမ်းလန်းစိုပြည်နေတဲ့ တောင်တန်းတွေပေါ်မှာ သဘာဝအတိုင်း ပွင့်လန်းနေကြတဲ့ ဝါဆိုပန်းများ၊ သဘာဝတောပန်းများကို တပျော်တပါး သွားရောက်ဆွတ်ခူးကြလေ့ရှိပါတယ်။ ဒီလို ပန်းခူးသွားတဲ့အခါမှာလည်း ရိုးရာမောင်း၊ လင်းကွင်းနဲ့ အိုးစည်တီးမှုတ်ကာ ပျော်ရွှင်စွာ သွားရောက်ကြတဲ့ မြင်ကွင်းဟာ တကယ်ကိုရှုမငြီးနိုင်အောင်ပါပဲ။

တောင်ပေါ်ကနေ ဆွတ်ခူးရရှိလာတဲ့ပန်းတွေကို ရွာထဲကိုဆောင်ယူလာတဲ့အခါမှာတော့ ကျေးရွာအတွင်းရှိ လူကြီးသူမတွေ၊ အိမ်ရှင်မတွေက ဆီးကြိုနှုတ်ဆက်ကြပြီး အဲဒီပန်းတွေကို ဘုရားကျောင်းကန်တွေမှာပူဇော်ဖို့နဲ့ သံဃာတော်တွေကို ဆက်ကပ်လှူဒါန်းဖို့အတွက် စနစ်တကျ သန့်ရှင်းရေးပြုလုပ်ကာ ရိုးရာပန်းအိုးတွေမှာ ပြင်ဆင်ထိုးစိုက်ကြပါတယ်။ ခူးဆွတ်လာတဲ့ ဝါဆိုပန်းများကို ဘုရားပန်းအိုးများမှာ ထိုးစိုက်ရုံသာမကဘဲ **"ပန်းပြာသာဒ်" သို့မဟုတ် "ပန်းမဏ္ဍပ်"** များ ပြုလုပ်ပြီးတော့လည်း စုပေါင်းပူဇော်ကြလေ့ရှိပါတယ်။ ဒီနေရာမှာ ပန်းကူးတယ်ဆိုတာဟာ ရေမြေတောတောင်ရဲ့ သဘာဝအလှကို ခံစားရင်း ပူညကုသိုလ်ပွားများကြတာပဲဖြစ်ပါတယ်။

ပန်းကူးပွဲနဲ့အတူ အဓိကယှဉ်တွဲပါဝင်တဲ့ ဝါဆိုသင်္ကန်းလှူဒါန်းပွဲအတွက်လည်း ပအိုဝ်းအမျိုးသမီးတွေဟာ ရိုးရာရက်ကန်းစင်တွေမှာ စိတ်စေတနာအပြည့်နဲ့ ဝါဆိုသင်္ကန်းများကို ကိုယ်တိုင်ရက်လုပ်ကြပြီး အမျိုးသားတွေကတော့ သင်္ကန်းဆက်ကပ်လှူဒါန်းဖို့အတွက် လိုအပ်တဲ့ ဝိနည်းတော်နဲ့အညီ လှူဖွယ်ဝတ္ထုပစ္စည်းများကို ရွာလုံးကျွတ် စုပေါင်းစုဆောင်းကြပါတယ်။ ဒါဟာ ပအိုဝ်းတိုင်းရင်းသားတို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ စုပေါင်းလှူဒါန်းလိုတဲ့ စည်းလုံးမှု အနုပညာတစ်ခုလည်း ဖြစ်ပါတယ်။

ဝါဆိုလပြည့်နေ့ နံနက်စောစော သာယာလှပတဲ့ အချိန်ရောက်ရှိတဲ့အခါမှာတော့ ပအိုဝ်းတိုင်းရင်းသားတို့ဟာ မိမိတို့ရဲ့ ရိုးရာဝတ်စုံများကို သပ်ရပ်စွာ ဝတ်ဆင်ပြီး လှပစွာ ပြင်ဆင်ထားတဲ့ ဝါဆိုပန်းအိုးများနှင့် ဝါဆိုသင်္ကန်းများကို ကိုင်ဆောင်ကာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး စည်းကမ်းတကျ လှည့်လည်လှူဒါန်းကြပါတယ်။

လှူဒါန်းမှု အခမ်းအနားပြီးမြောက်တဲ့အခါ ကျေးရွာအလိုက် ရိုးရာမုန့်များဖြစ်ကြတဲ့ ကောက်ညှင်းထုပ်၊ မုန့်ဆန်းနဲ့ တောင်ပေါ်ဒေသထွက်မုန့်အမျိုးမျိုးတို့ကို လှူဒါန်းကျွေးမွေးကြပြီး သံဃာတော်များထံမှ ဝါဆိုသီလဆောက်တည်ကာ တရားတော်များနာယူကြပါတယ်။ ဒီလို ဒါန၊ သီလ၊ ဘာဝနာ ပေါင်းစပ်ဆောင်ရွက်ကြတဲ့ ပအိုဝ်းတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ဟာ တကယ့်ကို ကြည်နူးဖွယ်ရာ ဗုဒ္ဓဘာသာဆိုင်ရာ အမွေအနှစ်တစ်ခုပဲဖြစ်ပါတယ်။

ပအိုဝ်းတိုင်းရင်းသားတို့ရဲ့ ဝါဆိုသင်္ကန်းနဲ့ ပန်းကူးပွဲတော်ဟာ ဘာသာတရားကိုအခြေခံပြီး စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မြတ်နိုးတန်ဖိုးထားမှုတို့ကို ပေါ်လွင်စေတဲ့ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**မြန်စာဂုဏ်မြသင်း**

---



# လက်တွေ့အလုပ်

ယခုခေတ်သည် လက်တွေ့အလုပ်ခေတ်ဖြစ်၏။ လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော ခေတ်ဖြစ်၏။ ကောလိပ်ကျောင်းသားများသည် ကဗျာကိုရေး၍နေမည့်အစား အမျိုးသားများ၏အသိဉာဏ်မျက်စိကို လျင်မြန်စွာပွင့်လင်းစေမည့် သိစရာ၊ နားလည်စရာ၊ အသုံးဝင်မည့်စာ၊ စိတ်သဘောကို ပြုပြင်နိုင်သောစာ၊ အသိအမြင်တိုးဖို့စာများကိုသာ ပြန်ဆိုရေးသားဖို့ အရေးသည် သာလွန်၍ကြီးလေးလေသည်။ သို့သော်လည်း အဟုတ်တကယ် ကဗျာဉာဏ်ဝင်စားကိန်းအောင်းသဖြင့် မရေးဘဲမနေနိုင်အောင် ကဗျာစိတ်သန်သူ အနည်းငယ်မျှတို့ကိုကား မရေးရဟု မည်သူမျှ ကန့်ကွက်ပိတ်ပင်၍ရမည်မဟုတ်ပေ။ သို့မဟုတ်မူ၍၊ အားကျ၍ ရေးသူတို့သည်ကား မိမိတို့၏ဝါသနာနှင့် သာ၍နီးစပ်သက်ဆိုင်သော အတတ်ပညာကိုလိုက်စားကာ မြန်မာ့ဂုဏ်ရောင်ထွန်းပြောင်အောင် ကြိုးစားသင့်ကြလေသည်။

ကောလိပ်ပညာသည် ပညာတည်းဟူသောနယ်အတွင်းကို ဝင်ရောက်ကျက်စားခွင့်ရဖို့ရန် "ပဲ့စပို့တ်"လက်မှတ်မျှသာ ဖြစ်လေသည်။ ဒီဂရီရရုံမျှနှင့် တင်းတိမ်၍နေကြဖို့မဟုတ်ပေ။

ယခုအခါ ကောလိပ်ပညာခံရှိသူတို့အတွက် မည်သည့်အတတ်ပညာမဆို ရရှိဖို့ရန် လမ်းအခွင့်တွေ များစွာသာယာလွယ်ကူလေသည်။ကောလိပ်ပညာတတ်ခြင်းကြောင့် အရောင်းအဝယ်အလုပ်ကို ရှုတ်ချဖို့မရှိပေ။ ပညာတတ်မှ ကူးသန်းရောင်းဝယ်ရေးမှာသာလွန်၍ အသိဉာဏ်ကြီးနိုင်လေသည်။ သို့သော်လည်း "ငါ ပညာတတ်သည်၊ ကူးသန်းရောင်းဝယ်ရေးကျမ်းများကိုဖတ်ပြီး အလုပ်ကြီးအကိုင်ကြီးများကို လုပ်မည်" ဟု ပညာဂုဏ်တက်ကာ ငွေရင်းအစိုက်ရဲလွန်းချေက ပျက်စီးဆုံးပါးတတ်သဖြင့် ဘီအေ–အမ်အေပင် အောင်စေကာမူ ကူးသန်းရောင်းဝယ်ခြင်းဖြင့် ကြီးပွားလိုကြချေက အလုပ်တိုက်ကြီးများကိုဝင်ရောက်ကာ လက်တွေ့လုပ်ငန်း နည်းစနစ်များကို လုပ်ကိုင်သင်ကြားအပ်ကြလေသည်။ ။

**ဆရာကြီး ပီမိုးနင်း၏ "အောင်စိတ်" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

# ခိုင်မာသည့်လမ်းပြမြေပုံနှင့် ပြည်ထောင်စု၏ အနာဂတ်ရည်မှန်းချက်

ပြည်စိုးညိမ်း

တိုင်းပြည်ရဲ့ ပကတိအခြေအနေတွေကို ပွင့်လင်းမြင်သာစွာချပြရင်း အနာဂတ်အတွက် ခိုင်မာတဲ့ ရည်မှန်းချက်တွေဆီရှေးရှုမယ့် နိုင်ငံတော်အစိုးရရဲ့ ရက်ပေါင်း ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းကို နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ပြသွားခဲ့တာဖြစ်ပါတယ်။ မိန့်ခွန်းတစ်ခုလုံးကို ခြုံငုံကြည့်လိုက်ရင် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး" နဲ့ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး" ဆိုတဲ့ ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ရာမှာ အစိုးရအဖွဲ့ရဲ့သန္နိဋ္ဌာန်နဲ့ ခိုင်မာတဲ့မဟာဗျူဟာမြောက်စီမံကိန်းတွေကို ပြတ်ပြတ်သားသားတွေ့မြင်လိုက်ရပါတယ်။

**★ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးမြေ ဧက ၃၃ သန်းကျော်ကို ထိရောက်စွာအသုံးချပြီး သမားရိုးကျမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ကမ္ဘာ့စပါးကျီနိုင်ငံဖြစ်လာရေး အဓိကရည်မှန်းထား . . .**

**★ စက်မှုကုန်ကြမ်း ဝါစိုက်ပျိုးမှုကို ၂၀၂၇-၂၀၂၈ မှာ ဧကခြောက်သိန်းအထိ တိုးမြှင့်သွားမှာဖြစ်ပြီး စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆိုလာစနစ်သုံး မြစ်ရေတင်စီမံကိန်းတွေကိုလည်း စတင်အကောင်အထည်ဖော် . . .**

**★ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလာစွမ်းအင်၊ မြစ်ဆုံအပါအဝင် ရေအားလျှပ်စစ်စီမံကိန်း ၁၀ ခု၊ မဂ္ဂါဝပ် ၆၆၀ ထွက်ရှိမယ့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနဲ့ နျူကလီးယားစွမ်းအင်တို့ဖြင့် ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းထား . . .**

## ငြိမ်းချမ်းရေးတံခါးနဲ့ နိုင်ငံရေးမဟာဗျူဟာ

တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကအသက်သွေးကြောဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ အစိုးရအနေနဲ့ လက်နက်ကိုင်လမ်းစဉ်အစား နိုင်ငံရေးနည်းလမ်းနဲ့ အေးချမ်းစွာအဖြေရှာကြဖို့ ထာဝရငြိမ်းချမ်းရေးတံခါးကို ရက်ပေါင်း ၁၀၀ အတွင်း အရှိန်အဟုန်ဖြင့် ဖွင့်လှစ်ထားခဲ့ပါတယ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ချက်အချက် ၄၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) ၁၃ ဖွဲ့နဲ့လည်း အပြုသဘောဆောင်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော် တည်ဆောက်ရေးမှာ မဖြစ်နိုင်တာတွေကို တောင်းဆိုနေမယ့်အစား ခေတ်စနစ်နဲ့ကိုက်ညီတဲ့ ဖြစ်သင့်ဖြစ်နိုင်တာတွေကိုသာ ညှိနှိုင်းတောင်းဆိုကြဖို့ မိန့်ခွန်းမှာ အလေးအနက်တိုက်တွန်းထားပြီး ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ အစိုးရတင်မကဘဲ တပ်မတော်၊ လွှတ်တော် စတဲ့အဖွဲ့အစည်းအားလုံးမှာ တာဝန်ရှိကြောင်း မီးမောင်းထိုးပြထားတာကို တွေ့ရပါတယ်။

## ကာကွယ်ရေး၊ လုံခြုံရေးနဲ့ နိုင်ငံခြားရေးမူဝါဒ

နိုင်ငံတော်ကာကွယ်ရေးနဲ့စပ်လျဉ်းလို့ တပ်မတော်ကို တိုက်စွမ်းရည်နဲ့ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော် (Standard Army) အဖြစ် တည်ဆောက်သွားမှာဖြစ်သလို တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်သွားမှာပါ။ ပြည်တွင်းလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကို လေ့ကျင့်သားပြည့်ဝပြီး အဂတိကင်းကာ ပြည်သူချစ်တဲ့ ရဲတပ်ဖွဲ့ဝင်တွေဖြစ်လာစေရေး စနစ်တကျပြုပြင်လေ့ကျင့်ပေးနေပါတယ်။

နိုင်ငံခြားရေးမူဝါဒမှာတော့ အခြေခံဥပဒေပါ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့ မူဝါဒကို စွဲကိုင်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ဝတ္တရားအတိုင်း ဆောင်ရွက်သွားမှာဖြစ်သလို မြန်မာကဦးဆောင်တဲ့ မြန်မာ့ကိုယ်ပိုင်နည်းလမ်းနဲ့ အာဆီယံနဲ့ဆက်ဆံရေးတိုးတက်အောင် လုပ်ဆောင်သွားမှာပါ။

## စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမြှင့်တင်ရေး

မြန်မာနိုင်ငံရဲ့ စိုက်ပျိုးမြေ ဧက ၃၃ သန်းကျော်ကို ထိရောက်စွာအသုံးချပြီး သမားရိုးကျမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ကမ္ဘာ့စပါးကျီနိုင်ငံဖြစ်လာရေး အဓိကရည်မှန်းထားပါတယ်။ အဓိကစားရေရိက္ခာဖြစ်တဲ့ ဆန်စပါးကို ပထမအဆင့်မှာ နှစ်စဉ် ဆန်တန်ချိန်သုံးသန်း၊ ဒုတိယအဆင့်မှာ ငါးသန်းအထိ ပြည်ပတင်ပို့နိုင်ဖို့ စပါးမျိုးအလိုက် ဧက ၃ ဒသမ ၅ သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးနေပါတယ်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ စတဲ့ ဆီထွက်သီးနှံအထူးဇုန် ၁၂ ခု သတ်မှတ်ထားပါတယ်။ နှမ်းတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၂၀ သတ်မှတ်ထားသော်လည်း လက်ရှိတွင် ၉ ဒသမ ၆ တင်း (၅၀ ရာခိုင်နှုန်း) သာ ထွက်ရှိသေးသဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးပမ်းလျက်ရှိပါတယ်။ ထို့ပြင် တစ်ဦးလျှင် တစ်နှစ် ၅ ပိဿာမှ ၆ ပိဿာအစား ၈ ပိဿာကျော် စားသုံးနေမှုကို လျှော့ချရေးနှင့် စားအုန်းဆီတင်သွင်းမှုကို ထိန်းချုပ်ရေး ဆောင်ရွက်နေပါတယ်။

စက်မှုကုန်ကြမ်း ဝါစိုက်ပျိုးမှုကို ၂၀၂၇-၂၀၂၈ မှာ ဧကခြောက်သိန်းအထိ တိုးမြှင့်သွားမှာဖြစ်ပြီး စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆိုလာစနစ်သုံး မြစ်ရေတင်စီမံကိန်းတွေကိုလည်း စတင်အကောင်အထည်ဖော်နေပါပြီ။ မွေးမြူရေးကဏ္ဍမှာ ကြက်၊ ဝက်၊ ဆိတ်၊ နွားနဲ့ ငါး စတဲ့ အသားငါးမျိုးကို စနစ်တကျမွေးမြူနိုင်ရေး မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးနေပြီး ပြည်တွင်းငါးထုတ်လုပ်မှုမှာ ၃၀ ရာခိုင်နှုန်းသာရှိသေးတဲ့ မွေးမြူရေးကဏ္ဍကို တိုးမြှင့်သွားမှာပါ။

## စွမ်းအင်၊ အခြေခံအဆောက်အအုံနဲ့ သယ်ယူပို့ဆောင်ရေး

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းတက်ရောက်မှု စိန်ခေါ်မှုကို ကျော်လွှားဖို့ Work From Home နဲ့ မော်တော်ယာဉ် စုံ/မ မောင်းနှင်မှု မူဝါဒတွေကြောင့် တစ်ရက်ကို စက်သုံးဆီ ၁ ဒသမ ၂ ဂါလန်သန်း သက်သာခဲ့ပြီး လက်ရှိအချိန်အထိ ဒေါ်လာသန်း ၁၀၀၀ ကျော် သက်သာခဲ့ကြောင်း စာရင်းအချက်အလက်တွေနဲ့ တင်ပြထားပါတယ်။ စက်သုံးဆီသုံးစွဲမှုချွေတာနိုင်ရေးအတွက် စက်သုံးဆီအစားထိုး ဘက်ထရီစနစ်သုံးလျှပ်စစ်ရထားစက်ခေါင်းများ (BEL) နဲ့ EV လျှပ်စစ်စွမ်းအင်သုံးယာဉ်များအသုံးပြုရေးကိုလည်း အစိုးရအနေနဲ့ အထူးအားပေးဆောင်ရွက်နေပါတယ်။

လေကြောင်းပို့ဆောင်ရေးမှာ ခရီးသည်တင်ဂျက်လေယာဉ်တွေ ဆင်းသက်နိုင်ရေး ပြင်ဦးလွင်ရှိအနီးစခန်းလေဆိပ်အပါအဝင် ကော့သောင်း၊ ပုဂံညောင်ဦး စသည့် လေဆိပ်အဆင့်မြှင့်တင်ခြင်း စီမံချက် ၁၀ ခုကို ရက် ၁၀၀ အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ကုန်ကျစရိတ်သက်သာလှတဲ့ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာလည်း ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တို့ကို ရာသီမရွေး ထိရောက်စွာအသုံးပြုနိုင်ဖို့ ရေလမ်းကြောင်းပြုပြင်ရေးတွေကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အလားတူ လေကြောင်းလိုင်းငါးလိုင်းကနေ လေယာဉ်စုစုပေါင်း ၃၂ စင်းနဲ့ ပြည်တွင်းပို့ဆောင်ရေးကို မပြတ်ပြေးဆွဲပေးနေသလို သဘာဝဘေးအန္တရာယ်နဲ့ ပဋိပက္ခတွေကြောင့် ပျက်စီးခဲ့ရတဲ့ လမ်း၊ တံတား အခြေခံအဆောက်အအုံတွေကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးနေပါတယ်။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလာစွမ်းအင်၊ မြစ်ဆုံအပါအဝင် ရေအားလျှပ်စစ်စီမံကိန်း ၁၀ ခု၊ မဂ္ဂါဝပ် ၆၆၀ ထွက်ရှိမယ့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနဲ့ နျူကလီးယားစွမ်းအင်တို့ဖြင့် ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းထားပါတယ်။ ဒေသတွင်းကုန်သွယ်မှုတံတားအဖြစ် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်းမကြီးနဲ့ BRI ရဲ့ မန္တလေး-မူဆယ်ရထားလမ်းစီမံကိန်းတွေကို အဓိကစီးပွားရေးတံခါးပေါက်အဖြစ်အထူးအလေးထားဆောင်ရွက်နေပါတယ်။

## လူ့စွမ်းအားအရင်းအမြစ်၊ ပညာရေးနဲ့ နည်းပညာ

၂၀၂၄ သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်နဲ့အထက် လူဦးရေရဲ့ ၄၉ ရာခိုင်နှုန်းမှာ မူလတန်းအဆင့်သာ ပြီးမြောက်ခဲ့သူတွေဖြစ်တာကြောင့် KG+9 အထိ မသင်မနေရပညာရေးစနစ်ဆီ ပြောင်းလဲဖော်ဆောင်နေတာပါ။ ပညာရေးဘဏ္ဍာငွေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မှာ ၆ ဒသမ ၉၂ ရာခိုင်နှုန်း (အခြားဝန်ကြီးဌာနများပါပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်း)၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှာ ၁၀ ရာခိုင်နှုန်းထက်မနည်း သုံးစွဲမှာဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှာ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမှာပါ။

ပညာရေးပြုပြင်ပြောင်းလဲမှုမှာ စာမေးပွဲအောင်ရုံမျှမဟုတ်ဘဲ ဘက်စုံထူးချွန်ပြီး အမှန်တကယ် နားလည်တတ်မြောက်သူတွေဖြစ်လာအောင် ပြုစုပျိုးထောင်ဖို့ မိန့်ခွန်းမှာ အလေးထားတိုက်တွန်းထားပါတယ်။ ဆရာ၊ ဆရာမတွေ အခက်အခဲမရှိစေဖို့ ကြန့်ကြာနေတဲ့ ဆရာ၊ ဆရာမ ၈၀၀၀ ခန့်ကို ခန့်အပ်ခဲ့ပြီးဖြစ်သလို မူလတန်းနဲ့အလယ်တန်းပြဆရာ၊ ဆရာမတွေအတွက် သတ်မှတ်လုပ်သက်နဲ့ အရည်အချင်းပေါ် မူတည်ပြီး လစာနဲ့ရာထူးတွေ အဆင့်လိုက်တိုးမြှင့်ပေးမယ့် စနစ်သစ်ကိုလည်း စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

ကျန်းမာရေးကဏ္ဍမှာ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံအဆင့် မြှင့်တင်ခဲ့ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဆရာဝန်သစ်လွင် ၁၂၀၀ နဲ့ သူနာပြုသစ်လွင် ၂၆၀၀ ခန့် ထပ်မံခန့်အပ်ဖို့ စီစဉ်နေပါတယ်။

**★ ပညာရေးဘဏ္ဍာငွေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၉၂ ရာခိုင်နှုန်း (အခြားဝန်ကြီးဌာနများပါပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်း)၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှာ ၁၀ ရာခိုင်နှုန်းထက်မနည်း သုံးစွဲမှာဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှာ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွား . . .**

**★ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်း ပြန်လည်ရောက်ရှိရေးကြိုးပမ်းရင်း ကျေးရွာများကို သန့်ရှင်းစိမ်းလန်း၍ နည်းပညာသုံးနိုင်သော စံပြကျေးရွာများ (Clean, Green and Smart Villages)အဖြစ် ပြောင်းလဲကာ မြို့ကြီးများကို Smart City များအဖြစ် ကွန်ရက်ချိတ်ဆက်သွားမှာဖြစ် . . .**

အနာဂတ်နည်းပညာအတွက် တရုတ်နိုင်ငံနဲ့ ပူးပေါင်းပြီး မြန်မာပိုင်ဂြိုဟ်တုလွှတ်တင်ရေးပြင်ဆင်နေသည့်အပြင် Nano Satellite နဲ့ Micro Satellite များကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းတည်ဆောက်လွှတ်တင်သွားမှာပါ။ ထို့ပြင် ရုရှားနိုင်ငံနဲ့ပူးပေါင်းကာ အာကာသယာဉ်မှူးလောင်းသင်တန်းပေးရေးတို့ကိုပါ စတင်ပြင်ဆင်နေပါတယ်။

## လူငယ်၊ အမျိုးသမီး၊ ယဉ်ကျေးမှုနဲ့ လုပ်သားဈေးကွက်

မိမိတို့နိုင်ငံ လူဦးရေရဲ့ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်း (၁၇ သန်းခန့်) ရှိတဲ့ လူငယ်အင်အားကိုမြှင့်တင်ဖို့ လူငယ်ရေးရာ ဝန်ကြီးဌာနနဲ့ အားကစားရေးရာဝန်ကြီးဌာနတို့ကို သီးခြားဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသမီးပါဝင်မှု ၅၃ ရာခိုင်နှုန်းရှိတဲ့နိုင်ငံမှာ အမျိုးသမီးရေးရာဝန်ကြီးဌာနကို တိုးချဲ့ခဲ့သလို လွှတ်တော်အသီးသီးမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုမှာလည်း တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

သန်းခေါင်စာရင်းအချက်အလက်တွေအရ ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူတွေထဲမှာ ၇၁ ဒသမ ၇ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အတွင်း လူငယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ဒါဟာ ပြည်တွင်းမှာ ကျွမ်းကျင်လုပ်သားရှားပါးမှုနဲ့ ထုတ်လုပ်မှုစွမ်းအားကျဆင်းမှုကို

စာမျက်နှာ ၁၃ သို့ ❍

❍ **စာမျက်နှာ ၁၂ မှအဆက်**

ဖြစ်ပေါ်စေတာမို့ လူငယ်တွေအတွက် အလုပ်မရှိခြင်းထက် ဘဝအာမခံချက်ရှိတဲ့ အလုပ်အကိုင်တွေရရှိရေးစီမံဆောင်ရွက်နေတာပါ။

အနုပညာနဲ့ ယဉ်ကျေးမှုကဏ္ဍမှာလည်း မြန်မာတို့ရဲ့ အတာသင်္ကြန်ပွဲတော်ဟာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပြီး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွေနဲ့ ကမ်းခြေတွေကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းတွေကို ဖော်ဆောင်နေပါတယ်။ နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုမှာ အနုပညာရှင်တွေအနေနဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ တက်ကြွစွာပါဝင်ကြဖို့လည်း မိန့်ခွန်းမှာတိုက်တွန်းထားတာကို တွေ့ရပါတယ်။

**တရားဥပဒေစိုးမိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် Clean & Smart မြို့ရွာများ**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုတဲ့ မူဝါဒနဲ့အညီဆောင်ရွက်နေပြီး လုံခြုံရေးအားနည်းချက်ကို အခွင့်ကောင်းယူထားတဲ့ တရားမဝင်သစ်ခိုးထုတ်မှုတွေကိုလည်း စနစ်တကျဟန့်တားလျက်ရှိပါတယ်။ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းပြန်လည်ရောက်ရှိရေးကြိုးပမ်းရင်း ကျေးရွာများကို သန့်ရှင်းစိမ်းလန်း၍ နည်းပညာသုံးနိုင်သော စံပြကျေးရွာများ (Clean, Green and Smart Villages) အဖြစ် ပြောင်းလဲကာ မြို့ကြီးများကို Smart City များအဖြစ် ကွန်ရက်ချိတ်ဆက်သွားမှာဖြစ်ပါတယ်။

"သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု" ဖြစ်စေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ လွန်ခဲ့သောဒီမိုကရေစီဒုတိယအစိုးရသက်တမ်းအတွင်း အဂတိလိုက်စားမှုကြောင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၁ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရကြောင်း အချက်အလက်များနှင့်တကွ ထုတ်ဖော်ပြသခဲ့ပြီး အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအထိ အဂတိကင်းရှင်းစေရန် ကြပ်မတ်သွားမှာပါ။ ဒါ့ပြင် အွန်လိုင်းလိမ်လည်မှု (Online Scams) နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့ကိုလည်း အမျိုးသားရေးတာဝန်အဖြစ်ပြတ်ပြတ်သားသားနှိမ်နင်းလျက်ရှိပါတယ်။

**ခိုင်မာတဲ့လမ်းပြမြေပုံနဲ့ ပြည်ထောင်စုရဲ့ အနာဂတ်ရည်မှန်းချက်**

အစိုးရအနေနဲ့ နိုင်ငံရဲ့ပညာရေးအခြေအနေ၊ လုပ်သားဈေးကွက်နဲ့ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ ပကတိအားနည်းချက်တွေကို မဖုံးကွယ်ဘဲ ပွင့်လင်းမြင်သာစွာချပြထားတာကို အပြုသဘောဆောင်စွာ တွေ့မြင်ရမှာဖြစ်ပါတယ်။ **ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို ကိန်းဂဏန်းအချက်အလက်တွေ အပေါ်အခြေခံပြီး စနစ်တကျဖြေရှင်းဖို့ ကြိုးပမ်းထားတာ၊ စက်သုံးဆီချွေတာရေးမူဝါဒနဲ့ ဘဏ္ဍာငွေ ဒေါ်လာသန်းပေါင်းများစွာ အမှန်တကယ်သက်သာစေခဲ့တာနဲ့ ပညာရေးကဏ္ဍအတွက် အသုံးပြုဘဏ္ဍာငွေကို အနာဂတ်ရေရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ် အဆင့်လိုက်တိုးမြှင့်ဖို့ ရေးဆွဲထားတာတွေဟာ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မဟာဗျူဟာမြောက်အုတ်မြစ်ကောင်းတွေ ဖြစ်လာမှာသေချာပါတယ်။**

မိန့်ခွန်းရဲ့နိဂုံးပိုင်းမှာ နိုင်ငံတော်သမ္မတက နိုင်ငံတော်သစ်တည်ဆောက်ရေးကို "အရှိန်ရအောင် နှစ်နှစ်၊ အရှိန်အဟုန်ဖြင့်တည်ဆောက်မှုကို သုံးနှစ်အချိန်ယူဆောင်ရွက်မည်"ဆိုတဲ့ ပန်းတိုင်အရောက်သွားမယ့် ကာလသတ်မှတ်ချက် လမ်းပြမြေပုံကို တိတိပပချပြသွားခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုတဲ့အတိုင်း ပြည်သူနဲ့ အစိုးရ ဟန်ချက်ညီညီ၊ သန္နိဋ္ဌာန်ခိုင်မာစွာ၊ စည်းလုံးညီညွတ်စွာနဲ့ ကြိုးပမ်းသွားကြမယ်ဆိုရင် မဝေးတော့တဲ့ အနာဂတ်ကာလမှာ မိမိတို့မြန်မာနိုင်ငံဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ သာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ အောင်မြင်စွာ တက်လှမ်းနိုင်တော့မှာ ဖြစ်ပါကြောင်း လေးနက်စွာရှုမြင်ရေးသားလိုက်ရပါတယ်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊
၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ငြိမ်းချမ်းပန်း

❍ အို.. ငြိမ်းချမ်းရေး
တွေ့ဆုံပေးမှ၊ နားလည်ကြမည်
ဘဝတန်ဖိုး၊ မြင့်မားတိုးဖို့
နီးကြားရိုးသား၊ တို့သွေးသားတွေ
အများပြည်သူ၊ စိတ်ကြည်ဖြူဖို့
အတူခိုင်မြဲ၊ လက်ချင်းတွဲစို့။

❍ ငြိမ်းချမ်းပန်းကို
အားလုံးလိုချင်၊ ပေါင်းစုချင်၏
ထိုစဉ်ခဏ၊ တွေ့ဆုံကြကာ
လှပနောင်ရေး၊ တို့ဆွေးနွေးစို့။

❍ ငြိမ်းချမ်းမှုဟာ
တွေ့ဆုံပါမှ၊ အဖြေရ၏
လောဘဒေါသ၊ မာန်မာနများ
ချကြခဝါ၊ ပူးပေါင်းပါမှ
လိုရာလည်းရောက်၊ ခရီးပေါက်မည်။

❍ ငြိမ်းချမ်းရောင်နီ
ပေါ်ထွက်ပြီဟု၊ နေခြည်ဝင်းပ
လိုချင်လှသော်၊ တွေ့ကြဆုံကြ
ညှိနှိုင်းကြစို့၊ လှပမြန်မာ
နေခြည်ဖြာဖို့၊ လာရောက်ဆွေးနွေး
နိုင်ငံ့ရေးတွက်၊ အရေးသုံးပါး
ဦးထိပ်ထားစို့။

❍ ငြိမ်းချမ်းရေးအသံ
မိုးသို့ညံမှ၊ သယံဇာတ
ခွဲဝေကြကာ၊ လှပမြန်မာ
ပြည့်ဘဏ္ဍာကို၊ ညီညာဖွဲ့စည်း
အကျိုးစီးပွား၊ သီးပွင့်ရတနာ
ဝေမျှကာဖြင့်၊ သာယာလှပ
ခံစားကြစို့။

❍ ငြိမ်းချမ်းမှသာ
တိုင်းပြည်သာ၏၊ ညီညာထင်းစည်း
မပျက်စီးသို့၊ စည်းလုံးညီညာ
လက်တွဲပါမှ၊ သာယာငြိမ်းချမ်း
အလှပန်းခင်း၊ ကြယ်စုံလင်းမည်
ကောင်းခြင်းခွင့်လမ်း၊ ညီညာလှမ်းမှ
"လမ်းတို့ ဖွေးမြဲ ဖွေးလေမည်"
"စမ်းတို့ အေးမြဲ အေးစေမည်"
"ပန်းတို့ မွှေးမြဲ မွှေးစေမည်"။ ။

**ရဲမွန်ကျော်**

❒ **ရှေ့ဖုံးမှအဆက်**

လက်ခံယုံကြည်လာသည့် KIA၊ KNU၊ AA ၊ ABSDF ၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၂၈၀ ဦးနှင့် အမျိုးသမီး ၂၃ ဦး၊ စုစုပေါင်း ၃၀၃ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများအား အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် MA –1 အမျိုးအစား သေနတ် ၂ လက်၊ MA –2 အမျိုးအစား သေနတ် ၁ လက်၊ MA –3 အမျိုးအစား သေနတ် ၁ လက်၊ MA –4 အမျိုးအစား သေနတ်၁လက်၊ M–22အမျိုးအစားသေနတ် ၁ လက်၊ Type 81 အမျိုးအစား သေနတ် ၂ လက်၊ ပွိုင့် ၂၂ စနိုက်ပါ အမျိုးအစား သေနတ် ၁ လက်၊ လက်လုပ်သေနတ် ၁ လက်၊ စုစုပေါင်း လက်နက်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၇ ခု၊ ကျည်မျိုးစုံ ၆၇၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ် ၉ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၅၀၊ လက်လုပ်သေနတ် ၁ လက်အတွက် ဆုကြေးငွေကျပ် ၅ သိန်း၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးအတွက်ဆုကြေးငွေကျပ်၃၆ သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ်သိန်း ၂၈၁ ၊ စုစုပေါင်း ဆုကြေးငွေ ကျပ် ၇၈၂ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားများတွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကိုအမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှု အနေဖြင့်မန္တလေးတိုင်းဒေသကြီး၊အောင်မြေသာစံမြို့နယ်မှ အမျိုးသား(၄)ဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား(၂)ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား (၄၃)ဦး၊ အမျိုးသမီး(၈)ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား(၂)ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား(၂)ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား(၁၂)ဦး၊ အမျိုးသမီး(၂)ဦး၊ စဉ့်ကိုင်မြို့နယ်မှအမျိုးသား(၂)ဦး၊တံတားဦးမြို့နယ်မှ အမျိုးသား(၉)ဦး၊ အမျိုးသမီး (၁)ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား(၅)ဦး၊ အမျိုးသမီး(၃)ဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား(၂)ဦး၊ မတ္တရာမြို့နယ်မှအမျိုးသား (၈၇)ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား (၃၆)ဦး၊ အမျိုးသမီး(၂)ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား(၁၄)ဦး၊ အမျိုးသမီး (၄)ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား(၄)ဦး၊ မိုးကုတ်မြို့နယ်မှအမျိုးသား(၁)ဦး၊ညောင်ဦးမြို့နယ်မှ အမျိုးသား (၃)ဦး၊ အမျိုးသမီး (၁)ဦး၊ တောင်သာမြို့နယ်မှ အမျိုးသား(၂)ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား(၁၂)ဦး၊ ချောက်မြို့နယ်မှ အမျိုးသား (၅)ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား(၆)ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား(၃)ဦး၊ မင်းလှမြို့နယ်မှအမျိုးသား (၂)ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား (၁)ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား(၂၁)ဦး၊ အမျိုးသမီး(၂)ဦး ပေါင်း အမျိုးသား (၂၈၀)ဦးနှင့် အမျိုးသမီး (၂၃)ဦး၊ စုစုပေါင်း (၃၀၃)ဦး ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။







ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

“သူငယ်ချင်းတွေရဲ့ တိုက်တွန်းမှုနဲ့ အိမ်ကအဆင်မပြေမှုတွေကြောင့် ရောက်သွားတာပေါ့။ အဲဒီအဖွဲ့အစည်းမှာ ကျွန်တော် သင်တန်းနှစ်ပတ်တက်ခဲ့ရပါတယ်။ အဖွဲ့အစည်းမှာ မနေချင်တော့တဲ့ အကြောင်းရင်းတစ်ခုကတော့ ကျွန်တော်တို့ကို ရှေ့တန်းမှာ အသေခံပုံစံမျိုးကြီးထားထားတာ။ ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့သေ သူတို့မသေရင်ပြီးတာပဲ။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သဘောနဲ့ ကျွန်တော်တို့ကိုထားထားတယ်။ သေနတ်ကိုလည်းမကောင်းတဲ့GUNနဲ့ကောင်းတဲ့GUN ဆို မကောင်းတဲ့ GUN က သုံးလက်လောက်နဲ့ ကောင်းတဲ့ GUN က တစ်လက်လောက်ပဲ ပေးထားတယ်။ ရွာထဲကို သွားပြီးတော့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့။ ကျွန်တော်တို့ဆီမှာကျတော့ ဘာပျော်ရွှင်မှု ဘာလွတ်လပ်ခွင့်မှမရှိဘူး။ နောက်ပြီးတော့ ခေါင်းဆောင်ပိုင်းတွေရှိတယ်။ အလျှုခံ အလျှုခံဆို သူတို့အိတ်ထဲကိုထည့်တယ်။ သူတို့ မိန်းမတွေဆီ လွှဲပေးတယ်။ သူတို့ သားသမီးတွေ ကောင်းစားဖို့အတွက် လုပ်နေတာ။ တန်းစီကွင်းထဲရောက်တိုင်းလည်း အမြဲတမ်းပြောတယ်။ တပ်မတော်ဘက်ကိုသွားရင် နင်တို့ကို ညှဉ်းပန်းနှိပ်စက်မယ်၊ သတ်မယ်၊ အရှင်လတ်လတ်မီးရှို့တာတွေရှိတယ်။ ကျွန်တော် အခုရောက်တော့ အဲလိုမဟုတ်ဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်၊ နေစရာ ထိုင်စရာပေးတယ်၊ စားစရာပေးတယ်၊ ထောက်ပံ့တယ်၊ မိဘထံ ပြန်အပ်နှံပေးတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေလည်း အမြန်ဆုံးတပ်မတော်နဲ့ပူးပေါင်းပြီး အလင်းဝင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်” ဟုပြောသည်။

“ညီမ ဒီထဲကို စရောက်တာကတော့ သူငယ်ချင်းတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ စရောက်တာပါ။ သူငယ်ချင်းက ဒီထဲကို လာခဲ့ဖို့ခေါ်တော့ ကျွန်မလည်း အဆင်ပြေပြေနဲ့ဆိုတော့ ရောက်သွားတယ်၊ ရောက်သွားတော့ ကျွန်မ အဲမှာ တစ်လ သင်တန်းတက်ခဲ့ရတယ်။ တစ်လ သင်တန်းတက်ခဲ့ပြီး ကျွန်မတို့ကိုပေါ့နော် စားဖိုမှာ တာဝန်ထမ်းဆောင်ခိုင်းတယ်။ ကျွန်မတို့ စားဖိုကို တစ်ပတ်တစ်ခါ အသီးအရွက်နဲ့ ဆန်ရိက္ခာတွေလာပို့တယ်။ လာပို့တဲ့အချိန်မှာ ကျွန်မတို့ကို ထမင်းတစ်နေ့ကို နှစ်နပ်စာပဲ စားရတယ်။ တစ်ခါတလေကျလို့ရှိရင် ခရမ်းချဉ်သီး တစ်ခွက်နဲ့လည်း ကျွန်မတို့ စားခဲ့ရတယ်ပေါ့။ ဒုက္ခတွေလည်း အများကြီး ကြုံခဲ့ရတယ်။ စားဖိုဝင်ပြီး နောက်ပိုင်းကျတော့ ကျွန်မတို့ကို ထောက်ပို့ထီရောင်းခိုင်းတယ်ပေါ့။ ရွာတွေမှာ ထောက်ပို့ထီရောင်းရတယ်၊ အစပိုင်းကတော့ ပြည်သူတွေက ကျွန်မတို့ကို ကြည်ဖြူတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို မကြည်ဖြူတော့ဘူး။ ထီရောင်းမယ်ဆိုလို့ရှိရင် ထောက်ပို့ထီလေးအားပေးပါဦး ညီမတို့က ပြောလို့ရှိရင်တောင် “သွားသွား မလာနဲ့၊ နင်တို့ကို လက်မခံတော့ဘူး၊ နင်တို့ထီတွေလည်း အားမပေးချင်တော့ဘူး” ဆိုပြီး ပြောခဲ့တယ်ပေါ့။ ညီမတို့ ထောက်ပို့ထီတွေရောင်းလို့ရတဲ့ ငွေတွေကျတော့ပေါ့နော် သူတို့အကြီးပိုင်းတွေကို အကုန်လုံးပြန်အပ်ရတယ်ပေါ့။ အဲဒီရတဲ့ ငွေတွေကလည်း ဘယ်နေရာမှာ ဘယ်လိုသုံးတယ်ဆိုတာလဲ ညီမတို့ကို မပြောခဲ့ဘူး။ ဒါပေမဲ့ သူတို့ကတော့ အမြဲတမ်း KTV သွားတယ်၊ ဘီယာဆိုင်ထိုင်တယ်။ သူတို့ ကိုယ်ကျိုးအတွက်ပဲ အမြဲတမ်းရှိတာပေါ့။ အောက်ကရဲဘော်တွေဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေ သူတို့ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုးတွေနဲ့ ပိုဆိုးလာ ခဲ့တယ်ပေါ့။ အဲဒီအချိန်မှာ ညီမက ဒီထဲမှာ မနေချင်တော့တဲ့အတွက် ထွက်ပြေးလာခဲ့တာ။ ပြီးတော့ ညီမတို့ အဲဒီထဲမှာ နေခဲ့ရတဲ့ နှစ်နှစ်တာကာလအတွင်းမှာ ညီမတို့အတွက် အသက်အာမခံဆိုတာမရှိခဲ့ဘူး။ ညီမတို့အတွက် လုံခြုံရေးဆိုတာလည်း မရှိခဲ့ဘူး။ ဘယ်အချိန် ကိုယ့်ကိုဘယ်လိုလုပ်မလဲဆိုတာပဲ သူတို့ကိုတွေးပြီးတော့ ကြောက်နေရတာပေါ့။ အဲဒီအချိန်မှာ ညီမက ဒီထဲမှာသူငယ်ချင်းတွေကလည်း အလင်းဝင်သွားတဲ့သူတွေရှိတဲ့အတွက် အလင်းလာပြီးတော့ ဝင်ရောက်တာပါ။ ညီမကတော့ တောထဲမှာ ကျန်ခဲ့တဲ့သူငယ်ချင်းတွေကိုလည်း ပြောချင်ပါတယ်။ သူတို့ပြောသလိုမျိုးပေါ့နော် ဒီထဲကို အလင်းလာဝင်လို့ရှိရင်လည်း သတ်ဖြတ်ပြီးတော့ နှိပ်စက်နေတာမဟုတ်ပါဘူးလို့၊ ထင်သလိုမျိုးတစ်ခုမှမဟုတ်ပါဘူး။ အကုန်လုံးက မောင်နှမတွေလို နွေးနွေးထွေးထွေးနဲ့ ကြည်ကြည်ဖြူဖြူနဲ့ ညီမတို့ကို အစားအသောက်အနေအထိုင်ကအစ အကုန်လုံးပြည့်စုံအောင်ထားခဲ့တာပေါ့။ အဲဒါကြောင့်မို့ တောထဲမှာနေတဲ့ PDF တွေ အကုန်လုံးကို ဒီမှာ အလင်းလာရောက်ဝင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်” ဟု ပြောသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မုံရွာမြို့ ခုတင် - ၅၀ ဆံ့ တိုင်းရင်းဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဆေးကုသမှုများကြည့်ရှုစစ်ဆေး

မုံရွာ ဩဂုတ် ၁

မုံရွာမြို့ ခုတင် – ၅၀ ဆံ့ တိုင်းရင်းဆေးရုံအတွင်း ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် တိုင်းရင်းဆေးရုံဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်းရှိအမျိုးသား/အမျိုးသမီး ဆေးကုသရေးအဆောင်များ၊ လူနာစမ်းသပ်ခန်းများနှင့် ဆေးသိုလှောင်ခန်းများကို ကြည့်ရှုကြသည်။

ထို့ပြင် ခုတင် –၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးနှင့် ခုတင် – ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးတို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် နှစ်ဖက်ချောစက္ကူထုတ်လုပ်၍ ကျောင်းသုံးဗလာစာအုပ်များ ဖြန့်ဖြူးရောင်းချနိုင်ခဲ့



မြစ်ကြီးနား ဩဂုတ် ၁

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ မတည်ပေးမှုဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်သည် နှစ်ဖက်ချောစက္ကူထုတ်လုပ်၍ ကျောင်းသုံးဗလာစာအုပ်များဖြန့်ဖြူးရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သမဝါယမအသင်းအနေဖြင့် ဒေသတွင်းရုံးသုံး၊ ကျောင်းသုံးစာအုပ်ဟောင်းများနှင့် စာရွက်အပိုင်းအစများ Recycle ပြုလုပ်၍ ပျော့ဖတ်များမှတစ်ဆင့် စက္ကူ(အကြမ်း/ အချောများ)၊ တစ်ရှူးစက္ကူများနှင့် ကတ်ထူစက္ကူများကို ထုတ်လုပ်ရောင်းချလျက်ရှိရာမှ ကချင်ပြည်နယ် အစိုးရအဖွဲ့က ဒေသတွင်း ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာစေရေးနှင့် ပထမဆုံးနှစ်ဖက်ချောစက္ကူ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ(ရန်ပုံငွေစက်ဝန်း)အလိုက် သိန်း ၁၀၀၀ ကျော်မတည်ပေးခဲ့သဖြင့်နှစ်ဖက်ချော ကျောင်းသုံးဗလာစာအုပ်များတိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်က မန်ခိန်ရပ်ကွက်အတွင်း တစ်ရှူးစက်၊ တစ်ဖက်ချောစက်နှင့် နှစ်ဖက်ချောစက်ကြီးများပါရှိသည့် စက်ရုံသစ်တည်ထောင်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စက်ရုံသစ်တွင် စက်ကြီးများဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအပြည့်အဝလည်ပတ်နိုင်ပါက တစ်နှစ်လျှင် တစ်ဖက်ချောစက္ကူ တန် (၉၀၀)၊ တစ်ရှူးစက္ကူ တန်(၁၀၀၀) နှင့် နှစ်ဖက်ချောစက္ကူ ခန့်မှန်းတန် (၉၀၀) ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်ရှူးငှက်ပျောမှတစ်ဆင့် ငှက်ပျောစက္ကူထုတ်လုပ်နိုင်ရေးကိုလည်း စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြည်နယ်၊ (ပြန်/ဆက်)




# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက အမှာစကားများ ပြောကြားကြပြီး နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂-၈-၂၀၂၆(တနင်္ဂနွေနေ့)


| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် ဓာတ်အားလိုင်း ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ရွာများသို့ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် အမှတ် (၁+၂) ဓာတ်အားလိုင်း တစ်လျှောက် လိုင်းအသေးစိတ်စစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ တာဝါတိုင်အမှတ် (၃၊ ၁၇၊ ၅၁၊ ၅၃၊ ၇၃) တာဝါ (၅)တိုင်တွင် Jumper ကြိုးများ ကြိုးလွန်းဖွာနေခြင်း၊ ကြွေသီးတွဲများ ကွဲနေခြင်းနှင့် Arching Horn များမီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရပါသဖြင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ်တည်ငြိမ်မှုကို မြှင့်တင်နိုင်ပြီး မလိုလားအပ်သည့်ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ရေပေါင်းဆုံနှင့် ယင်းမာပင်မြို့နယ်များတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ မြဝတီ



# ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည်အဓိကကျပြီး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တိုက်တွန်းမှာကြား



နေပြည်တော် ဩဂုတ် ၁

ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကကျပြီး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ကြရန် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိစက်မှုဇုန်ရှိ Maple Win အထည်ချုပ်စက်ရုံနှင့် ချင်းတွင်းတံခွန်အထည်ချုပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (OSH) ကော်မတီဝင်များ၊ အလုပ်သမားများအား တိုက်တွန်းမှာကြားသည်။

ထို့ပြင် စက်ရုံ၌ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် လုပ်ငန်းခွင်အရောက် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တွင် အကျိုးဝင်အလုပ်ဌာနပေါင်း ၁၁၃၅ ဌာနနှင့် အာမခံအလုပ်သမား ၂၈၉၆၀ ဦးရှိပြီး မြို့နယ်လူမှုဖူလုံရေးဆေးခန်းသုံးခန်း၊ စာချုပ်ဆေးခန်းငါးခန်း၊ ဌာနကြီးဆေးခန်းလေးခန်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ခေတ်မီဆေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# ဝေန်တာကျိုးပေါက်မှုကြောင့်ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက်ငါးခုနှင့်ကျေးရွာကိုးရွာရှိ လူဦးရေ ၈၃၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်



လေးမျက်နှာ ဩဂုတ် ၁

ဝေန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက်ငါးခုနှင့် ကျေးရွာကိုးရွာရှိ အိမ်ခြေ ၁၇၃၄ လုံး၊ အိမ်ထောင်စု ၁၇၆၄ စုမှ လူဦးရေ ၈၃၈၂ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာဖိုးငွေကျပ် ၄၁ ဒသမ ၉၁၀ သန်းနှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥနှင့် ရေသန့် စသည့်အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၄၁ ဒသမ ၆၅၁ သန်းကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားသောက်ဖွယ်ရာများအား ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ စာရေးကွင်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ တာအလျားပေ ၃၀ ခန့်တွင် ၅ပေ နိမ့်ဆင်းပြီး အကျယ်ပေ ၁၇၀ ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်တည်ဆောက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လေးမျက်နှာမြို့ပေါ် ရပ်ကွက်များတွင် လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ထားဝယ်မြို့၌ ထာဝရငြိမ်းချမ်းရေးဆုတောင်းပွဲကျင်းပ

ထားဝယ် ဩဂုတ် ၁

ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်း၏တာဝန်သာမဟုတ်ဘဲ နိုင်ငံသားတိုင်းပါဝင်တည်ဆောက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယနေ့နံနက် ၉ နာရီတွင်ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ထာဝရငြိမ်းချမ်းရေးဆုတောင်းပွဲတွင်ပြောကြားသည်။

အဆိုပါဆုတောင်းပွဲကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကိုးကွယ်ယုံကြည်မှုကွဲပြားသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား Unity in Diversity, Peace in Diversity ကို ထာဝရတည်ဆောက်သွားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆုတောင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ငြိမ်းချမ်းရေးဖယောင်းတိုင်ကို ထွန်းညှိပေးပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ဘာသာပေါင်းစုံမှကိုယ်စားလှယ်များနှင့်အတူ ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# လူငယ်ကြက်ခြေနီဖိုရမ်ကျင်းပ

ရန်ကုန် ဩဂုတ် ၁

သုံးနှစ်အတွင်း ပထမဦးဆုံးပြန်လည်ကျင်းပနိုင်ခဲ့သည့်အမျိုးသားအဆင့်လူငယ်ကြက်ခြေနီဖိုရမ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Rose Garden Hotel တွင်ကျင်းပပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုမှ လူငယ်ကြက်ခြေနီခေါင်းဆောင် ၅၀ ဦး တက်ရောက်လျက်ရှိကြောင်းသိရသည်။

အခမ်းအနားတွင် လူငယ်များသည် ရပ်ရွာလူထု၏ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရာတွင် အဓိကအင်အားစုများဖြစ်ကြပြီး ဒေသတွင်းကွဲပြားမှုများကို ပေါင်းကူးချိတ်ဆက်ပေးခြင်း၊ ဒီဂျစ်တယ်သတင်းအမှားများကို တုံ့ပြန်ကိုင်တွယ်ခြင်းနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ဆောင်ရွက်ရာတွင်အရေးပါသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိပါကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက်အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia KHOURY နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Head of Programs & Prevention Mr. Xavier Collard de Macquerh တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဖိုရမ်ကို အစီအစဉ်အတိုင်းကျင်းပခဲ့ကြောင်း သိရသည်။



မြဝတီ

**၁-၈-၂၀၂၄ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရိုးရာဝတ်စုံများချုပ်လုပ်နည်းကို စနစ်တကျသင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို လက်တွေ့ကျကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုက်တွန်းမှာကြား



ရန်ကုန် ဩဂုတ် ၁

ရိုးရာဝတ်စုံများ ချုပ်လုပ်နည်းကို စနစ်တကျသင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို လက်တွေ့ကျကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပသည့် မွန်ရိုးရာဝတ်စုံ ချုပ်လုပ်နည်းသင်တန်းဆင်းပွဲတွင် သင်တန်းသား၊ သင်တန်းသူများအား တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးချုပ် မင်္ဂလာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အထူးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဂုဏ်ထူးဆောင်ဆုရရှိကြသူများကို ဂုဏ်ပြု Trophy များပေးအပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်တို့သည် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# မကွေးမြို့ အမှတ်(၃)အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တစ်သျှူးငှက်ပျောပင်များစိုက်ပျိုး



မကွေး ဩဂုတ် ၁

အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် မကွေးမြို့ရှိအမှတ်(၃)အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ကျောင်းဝင်းအတွင်း တစ်သျှူးငှက်ပျောပင်များကို စိုက်ပျိုးကြသည်။

စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များလည်း တက်ရောက်စိုက်ပျိုးပေးကြသည်။

ယနေ့တွင် တစ်သျှူးငှက်ပျောပင်စုစုပေါင်း ၇၀၀ ကိုစိုက်ပျိုးကြပြီး ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးအတွက် တစ်သျှူးငှက်ပျောပင်များကို တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆက်လက်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



# ဟိုပုံးမြို့ရှိ Green Gold ကော်ဖီသမဝါယမအသင်း၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ Green Gold ကော်ဖီသမဝါယမအသင်း၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေမှု၊ Coffee Neo စက်ရုံ၏ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုသည်။

ထို့ပြင် ဟိုပုံးမြို့နယ် ကျေးရွာငါးရွာရှိ အိမ်ခြေ ၁၈၆ အိမ်၊ လူဦးရေ ၉၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၁၂၀၀ ကျော်တို့ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့်အောင်ပွဲ-ကုန်းတလေး-တဖူးကိုင်း-လွယ်တဝိုင်း-ဟိုနမ့်ကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ခရီးစဉ်အတွင်း ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေးစာရင်းကိုင်နှင့်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မြဝတီ**

## ■ ကျောဖုံးမှအဆက်

သဲများနှင့် မြေသားများ ဖုံးလွှမ်းနေသဖြင့် ရထားတွဲဆိုင်းပါ ဦးဆောင်တွဲ RBE-30106 တစ်တွဲ လမ်းချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါရထားတွင် ခရီးသည် ၆၁ ဦး ပါရှိပြီး ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ခရီးသည်များအား ပြင်ဦးလွင်ဘူတာရှိ RBE-25801 ရထားဖြင့် ဖြစ်ပွားရာသို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ နံနက် ၁၁ နာရီ ၁၁ မိနစ်တွင် ပြင်ဦးလွင်သို့ ပြန်လည်ရောက်ရှိ၍ ခရီးသည်များ၏ ကျသင့်လက်မှတ်ခငွေများအား ပြန်လည်ပေးအပ်ခဲ့သည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် သံလမ်း/တွဲလုပ်သားများသည် နံနက် ၉ နာရီခွဲတွင် ရောက်ရှိပြီး ရထားလမ်းပိုင်းအား နေ့ချင်းပြီး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းချော်ကျသည့် ရထားတွဲအား 'မ'တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**မြဝတီ**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဘုရားကျိန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ဆီဆိုင် ဩဂုတ် ၁

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဘုရားကျိန်းကျေးရွာအတွက် ၁၁ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၂၈ မိုင်၊ ၄၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၄၇ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀၀ ကေဗွီအေ တစ်လုံးအတွက် တည်ဆောက်ကုန်ကျစရိတ် ၁၆၄ ဒသမ ၄၃၆ ကျပ်သန်းဖြစ်ပြီး ဘုရားကျိန်းကျေးရွာနည်းတူ ရက် ၁၀၀ စီမံချက်တွင် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ကျေးရွာလေးရွာနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျေးရွာငါးရွာ စုစုပေါင်းကျေးရွာကိုးရွာ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို ယမန်နေ့က ကျင်းပသည့် ဘုရားကျိန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လျှပ်စစ်မီးမိန်းခလုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ကျောင်းလွယ်(တောင်)လုံခုတ်ကျေးရွာအုပ်စု၌ ဒေသထွက် Green Gold ကော်ဖီစက်ရုံ၊ ဟိုပုံးမြို့ Coffee Neo စက်ရုံတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Together with arms and ammunition, 280 males and 23 females, totalling 303 from KIA, KNU, AA, ABSDF, SAF and PDF terrorists who accept peace process of the State and the Tatmadaw return to the legal fold, those returnees systematically handed over to parents and guardians

NAY PYI TAW August 1

The government has been inviting individuals who are involved with armed groups operating under various names, including the PDF, to return to the legal fold. Those who have returned to the legal fold have also been provided with necessary assistance and support, and are being handed back to their parents or guardians. A total of 303 individuals — 280 males and 23 females — from KIA, KNU, AA, ABSDF, SAF and PDF terrorists and other various terrorist groups, who accept the peace process of the State and the Tatmadaw have returned to the legal fold.



Mandalay Region Chief Minister U Myo Aung, Commander of Central Command Brig-Gen Aung Htay and officials observe arms and ammunition handed by terrorist group members who returned to legal fold.

A ceremony to hand over the returnees to parents and guardians took place at Yan Aung Myin Hall of the Central Command Headquarters this morning, attended by Mandalay Region Chief Minister U Myo Aung, Commander Brig-Gen Aung Htay and officials, departmental officials, the individuals who returned to the legal fold and their parents and guardians.

First, the chief minister of the region made a speech. The commander shared knowledge about legal sections. Then, the returnees handed over two MA-1s, one MA-2, one MA-3, one MA-4, one M-22, two Type 81 guns, one .22 sniper and one homemade gun, totalling 10, 17 assorted magazines, 678 bullets and 12 assorted grenades to the commander.

Next, the chief minister and the commander presented Ks-45 million for nine automatic rifles, Ks- 500,000 for one homemade gun, Ks-3.6 million for 12 assorted grenades, and Ks- 29.1 million for those individuals who returned to the legal fold. The rewards Ks-78.2 million in total and foodstuffs were given to the returnees. Afterwards, those who have returned to the legal fold are required to sign a pledge of commitment, and they are systematically handed over to their parents or guardians.

In handing back the returnees who wish to enjoy regional peace and stability to parents and guardians at today's ceremony, there were 303 individuals comprising four males from Aungmyaythazan Township, two males from Mahaaungmyay Township, 43 males and eight females from Amarapura Township, two males from Chanayethazan Township, two males from Patheingyi Township of Mandalay Region, 12 males and two females from Kyaukse Township, two males from Singaing Township, nine males and one female from Tada Oo Township, five males and three females from PyinOoLwin Township, two males from Pyawbwe Township, 87 males from Madaya Township, 36 males and two females from Thabeikkyin Township, 14 males and four females from Sintgu Township, four males from Momeik Township, one male from Mogok Township, three males and one female from NyaungU Township, two males from Taungtha Township, 12 males from Myingyan Township, five males from Chauk Township, six males from Sedoktara Township, three males from Pwintbyu Township, two males from Minhla Township, one male from Mindon Township, 21 males and two females from Pakokku Township, totalling 280 males and 23 females.





It is reported that the majority of members of the so-called PDF who surrendered and returned to the legal fold were forcibly recruited through threats and coercion directed at their family members and relatives. They chose to abandon the path of armed struggle and return to the legal fold because they could no longer tolerate terrorist acts; experienced internal discrimination, bullying, abuse, and killings by higher-ups within the groups; suffered sexual violence; lost morale due to an inability to withstand the military's offensives; and came to believe in and accept the peace process of the State and the Tatmadaw, desiring to live peacefully within the framework of the law and to once again contribute positively to the State and the public, who had suffered losses on their account.

Those who have returned to the legal fold are being welcomed back, provided with necessary assistance, and systematically handed over to their parents and guardians. As it is known that there are still individuals wishing to return to the legal fold, those who desire to do so will be welcomed and provided with necessary support if they promptly contact nearby district and township administrative bodies, military camps, or police stations, and suitable monetary rewards will be awarded for handed-over weapons and ammunition.

The personal voices of those who returned to the legal fold are conveyed as follows:

1. It was because of my friends' encouragement and some difficulties at home that I ended up there. I had to undergo two weeks of training at that organization. One reason I didn't want to stay was that they put us on the front lines in a way that felt like we were meant to be sacrificed. No matter what happened, as long as we died and they didn't, that was it—whoever dies, dies, and that's the end of it. That was the attitude they had toward us. As for guns, they distinguished between bad guns and good guns; the bad ones were only given for about three months, while the good ones were given for only about a month. They'd go into the village, drink, eat, have fun, and enjoy themselves. But on our side, there was no happiness or freedom at all. And then there were the leaders. Whenever there were donations, they'd put them in their own pockets. They'd pass them on to their wives. Everything they did was for their own children's benefit. Every time we were in the lineup, they'd always say: if you go to the military side, they'll torture you, kill you, burn you alive. But now that I'm here, it's not like that at all. The military side welcomed us warmly, gave us places to stay and sit, provided food, supported us, and returned us to our parents. I invite all the brothers and sisters still left in the jungle to quickly cooperate with the Tatmadaw and come into the light.

2. As for me, I first came here through a friend's connection.

See Page - 19

●● From Page - 19

My friend invited me to come, and since things were going fine for me, I went. Once there, I had to undergo one month of training. After that month, they assigned us to work in the kitchen. At the kitchen, once a week, they'd deliver vegetables and rice rations. When they delivered, we were only allowed to eat two meals a day. Sometimes, if we were lucky, we'd have just one cup of tomatoes to eat. We went through a lot of hardships too. After being in the kitchen, they made us sell lottery tickets for fundraising. We had to sell them in the villages. At first, the people looked at us kindly. But later, they stopped looking at us with kindness. Even if we said, "Please support our fundraising lottery, sisters," they'd reply, "Go away, don't come here. We don't accept you anymore. We don't want to support your tickets either." As for the money we earned from selling those tickets, we had to hand everything over to our higher-ups. They never told us where or how that money was spent. But they themselves were always going to KTVs, sitting in beer shops. It was always just for their own benefit. The comrades below could do whatever they wanted and live however they pleased—they didn't care at all. That kind of attitude made things even worse. At that point, I didn't want to stay there anymore, so I escaped. And during the two years I spent there, there was no life insurance for us at all. There was no security for us either. I was always afraid, thinking about what they might do to me at any moment. At that time, some of my friends there had already come into the light, so I also came and joined. I want to say to my friends still left in the jungle: it's not like what they told you—if you come into the light here, you won't be tortured or executed. It's not at all what you think. Everyone here treats each other like brothers and sisters, warmly and kindly, providing everything from food and drink to living conditions, making sure we have everything we need. That's why I want to say to all the PDF members still in the jungle. I want you all to come into the light here. **100**

# Mingin Township decides to plant over 21,000 acres of rainfed sesame this year

MINGIN August 1

Mingin Township Agriculture Department of Sagaing Region stated that local authorities earmarked cultivation of more than 21,000 acres of rainfed sesame as monsoon crops in the township this year.

During the 2026-2027 monsoon crop cultivation season, Mingin Township has targeted the cultivation of 21,257 acres of rainfed sesame, and at present, farmland is being ploughed in preparation for crop cultivation, according to reports.

"This year, during the monsoon crop cultivation season in Mingin Township, we have targeted planting more than 21,000 acres of rainfed sesame. Preparations are currently underway to begin cultivation within this month. We will also work to ensure that the targeted acreage is fully achieved. Efforts are also being made to expand sesame cultivation areas, improve yields, and promote cultivation using GAP practices," said U Shan Oak Keim, head of the township agriculture department in Mingin Township.

This year, the township agriculture department will provide awareness and technical support to rainfed sesame farmers in Mingin Township to help expand sesame cultivation, apply proper cultivation techniques and GAP practices, use high-quality and pure seed varieties, and grow high-yield sesame varieties, according to reports.



Crops cultivated and produced under the GAP system are said to have better quality and fetch higher prices compared to crops grown using other cultivation methods. In addition to being sold in domestic markets, they can also be exported to international markets. As a result, farmers using GAP cultivation methods are expected to gain greater economic benefits and improve their socio-economic conditions.

**SMK**

# Plan underway to cultivate more than 9,000 acres of groundnut in Sagaing Township

SAGAING August 1

Statistics of Sagaing Township Agriculture Department mentioned that local farmers decided to grow more than 9,000 acres of groundnut in coming monsoon in Sagaing Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Sagaing Township has targeted the cultivation of 9,160 acres of groundnuts, and at present, farmland is being ploughed in preparation for groundnut cultivation, according to reports.

"This year, during the monsoon crop cultivation season in Sagaing Township, we have targeted planting more than 9,000 acres of groundnuts. Preparations are currently underway to begin cultivation within this month. We will also work to ensure that the targeted acreage is fully achieved. As an oilseed crop, groundnuts are in a successful condition. Groundnut cultivation has been increasing year by year," said U Myo Thant Aung, head of the Sagaing Township Agriculture Department.

In Sagaing Township, one and a half baskets of seeds are required to cultivate one acre of groundnuts. Including seed costs, labour charges, fertilizer, and pesticide expenses, the cultivation cost exceeds Ks-200,000 per acre. It is reported that yields can exceed 50 baskets per acre.

This year, staff from the township agriculture department will conduct field inspections of groundnut plantations in Sagaing Township to help ensure successful crop growth, prevent pest and plant diseases, and keep fields free of weeds. They will also carry out monitoring and maintain surveillance records in the fields. **SK**

# Monywa Township to place more than 1,000 acres of croplands under groundnut plants

MONYWA August 1

According to the Township Agriculture Department, local farmers will grow more than 1,000 acres of groundnut in Monywa Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Monywa Township plans to cultivate 1,410 acres of groundnuts, and at present, farmland is being ploughed in preparation for groundnut cultivation, according to reports.

"This year's monsoon planting season in Monywa Township aims to cultivate more than 1,000 acres of groundnuts. Preparations are currently underway to plant the crop within this month. Efforts will also be made to ensure the targeted acreage is fully achieved. As an oilseed crop, groundnuts are in a successful condition, and groundnut cultivation has been increasing year by year," said U Soe Thet Aung, head of the Monywa Township Agriculture Department.

In Monywa Township, about one and a half baskets of seed are required per acre for groundnut cultivation. Including seed costs, labour charges, fertilizers, and pesticide expenses, cultivation costs exceed Ks-200,000 per acre. Yield is reported to be more than 50 baskets per acre.

This year, staff from the Township Agriculture Department will conduct field inspections of groundnut plantations in Monywa Township to ensure successful crop production, prevent pest and disease outbreaks, and keep fields free of weeds. They will also carry out monitoring and record-keeping activities in the plantations.

**SK**

# Spain's enclave Ceuta border crisis eases as death toll rises to 67



MADRID August 1

The death toll from the mass migrant crossings into Spain's North African enclave of Ceuta has risen to 67, as Spanish authorities said the border situation had largely stabilized after most migrants returned to neighboring Morocco.

The Spanish government said on Saturday that none of the nearly 50,000 migrants who entered Ceuta irregularly had been allowed to travel onward to mainland Spain. More than 48,000 migrants returned to Morocco within 48 hours, effectively bringing one of the largest irregular migration crises on Spain's southern border under control.

Spanish authorities also began installing new maritime barriers at the El Tarajal breakwater on Saturday as part of strengthened border security measures. According to the Interior Ministry, the system consists of a 500-meter pneumatic floating barrier with a submerged section extending up to one meter below the water, complemented by a first line of anchored buoys provided by the Spanish Navy. A navigation channel has been left open to allow Civil Guard patrol boats to continue border surveillance.

According to EFE, the Spanish news agency, Moroccan authorities have arrested 70 people over violent incidents linked to the migrant crisis. The suspects are being investigated on charges including attempted homicide, arson and damage to public and private property following clashes with security forces.

**Xinhua**

# Strongest quake in 40 years rocks Italy's volcanic region, injures dozens

ROME August 1

A magnitude 4.7 earthquake struck the Campi Flegrei volcanic region near Naples in southern Italy on Friday evening, injuring at least 26 people, two of them critically, and damaging dozens of buildings.

The earthquake hit at 7:46 pm local time at a shallow depth of about 3km, according to Italy's National Institute of Geophysics and Volcanology (INGV). Its epicenter was between the towns of Pozzuoli and Quarto. Civil protection officials said that it was the strongest quake recorded in the area since continuous instrumental monitoring began, surpassing two magnitude 4.6 tremors registered in 2025.

The quake was felt across Naples, Ischia, Procida, and much of the Gulf of Naples. Seismographs have since recorded more than 60 aftershocks, the strongest measuring magnitude 3.8 late on Friday and another of 3.1 early on Saturday. Civil Protection Minister Nello Musumeci warned that the seismic swarm is continuing and that further earthquakes above magnitude 3 remain possible.

The worst damage was reported in Pozzuoli, where falling masonry, collapsing facades, and landslides damaged homes, businesses, and parked vehicles, according to multiple videos posted online.Authorities in Pozzuoli initially evacuated around 250 people after the quake. As inspections continued, at least nine buildings were declared unsafe and around 290 residents, were ordered from their homes, with the number expected to rise as building checks continue.

**RT**

# India's Assam flood death toll rises to 82



NEW DELHI August 1

The death toll in ongoing floods in India's northeastern state of Assam has risen to 82, with two people still missing, officials said Saturday.

According to Assam Chief Minister Himanta Biswa Sarma, Sivasagar district reported the highest 42 deaths, followed by Charaideo and Jorhat districts with 21 and nine deaths respectively.

According to Sarma, the floods hit 2,251 villages, affecting over 1.1 million people in the state. Floods have fully damaged 2,530 residential houses and another 9,668 houses have suffered partial damage.

The authorities have set up 218 relief camps where 71,889 people have taken shelter. Besides, 1,811 relief distribution centers have been opened in the affected districts.

"Relief operations continue to expand across the state, with the number of relief distribution centers increasing to 1,811 now," Sarma said. "Every effort remains focused on relief, rehabilitation and restoring normalcy."

**Xinhua**

# U.S. embassies urge citizens to "consider departing" Mideast countries amid heightened tensions

CAIRO August 1

The U.S. embassies in some 10 Middle East countries on Saturday warned American citizens to exercise caution and "consider departing or be prepared to depart should there be escalation."

On their websites, the U.S. embassies in countries including Israel, Jordan, Iraq, Egypt, Bahrain, the United Arab Emirates, Qatar and Saudi Arabia issued similar security alerts.

"Due to heightened tensions in the Middle East, the security environment remains complex with the potential for unforeseen escalation," the alerts said, adding that Americans in the region should consider departing, or be prepared to depart should there be escalation.

The embassies advised U.S. citizens in the Middle East to exercise caution and heightened vigilance and to be prepared for flight cancellations, periodic airspace closures, and potential travel disruptions.

They also advised U.S. citizens outside the region to "seriously reconsider travel to and through the Middle East."

Earlier on Saturday, Iran's semi-official Tasnim news agency reported that Iran has prepared an "extensive" plan to respond to potential attacks on Iranian infrastructure.

Tasnim cited a senior security official as saying that Iran has prepared an "extensive" plan in response to U.S. media's recent claims about possible U.S. and Israeli strikes against its infrastructure. The plan reportedly involves targeting vital Israeli infrastructure and U.S. energy infrastructure in the Middle East.

The developments came amid renewed exchanges of airstrikes between the United States and Iran after days of pause, as well as the emergence of a new Red Sea front involving Yemen's Houthis and Saudi Arabia.

On February 28, the United States and Israel launched joint attacks on Tehran and other Iranian cities, killing Iran's then Supreme Leader Ali Khamenei, senior military commanders and civilians. Iran responded with waves of missile and drone attacks on U.S. and Israeli bases and assets in the region, while tightening control over the Strait of Hormuz.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 56 Verb + -ing or to … 1 (remember, regret etc.)

## Exercises

**56.1 Put the verb into the correct form,** -ing **or** to … .

1 They denied stealing the money. (steal)
2 I don't enjoy ................................... very much. (drive)
3 I can't afford ......................................... away. I don't have enough money. (go)
4 Have you ever considered .............................................. to live in another country? (go)
5 We were unlucky to lose the game. We played well and deserved ...................................................... . (win)
6 Why do you keep ............................................ me questions? Leave me alone! (ask)
7 Please stop ...................................................... me questions! (ask)
8 I refuse .................................................... any more questions. (answer)
9 The driver of one of the cars admitted ........................................... the accident. (cause)
10 Mark needed our help, and we promised ........................................... what we could. (do)
11 I don't mind ................................................... alone, but I'd rather be with other people. (be)
12 The wall was quite high, but I managed ................................................... over it. (climb)
13 Sarah doesn't know about the meeting. I forgot .................................................... her. (tell)
14 I've enjoyed .......................................................... to you. I hope ....................................................... you again soon. (talk, see)

**56.2 Tom can remember some things about his childhood, but he can't remember others. Write sentences with** He remembers … **or** He doesn't remember … .

1 He was in hospital when he was a small child. He can still remember this.
He remembers being in hospital when he was a small child.
2 He cried on his first day at school. He doesn't remember this.
He doesn't ........................................................... on his first day at school.
3 Once he fell into the river. He remembers this.
He ........................................................................................................................ .
4 He said he wanted to be a doctor. He doesn't remember this.
.......................................................................................... to be a doctor.
5 Once he was bitten by a dog. He doesn't remember this.
.................................................................................................... a dog.
6 His sister was born when he was four. He remembers this.
................................................................................................................ .

**56.3 Complete the sentences with a suitable verb in the correct form,** -ing **or** to … .

1 a Please remember to lock the door when you go out.
b He says we've met before, but I don't remember ...................................................... him.
c Someone must have taken my bag. I clearly remember ........................................................ it by the window and now it isn't there.
d When you see Steve, remember ..................................................................... hello to him from me.
e A: You lent me some money a few months ago.
B: Did I? Are you sure? I don't remember .................................................. you any money.
f A: Did you remember ............................................................... your sister?
B: No, I forgot. I'll phone her tomorrow.
2 a The course I did wasn't very good, but I don't regret ........................................... it.
b I knew they were in trouble, but I regret .................................................. I did nothing to help them.
c It started to get cold, and he regretted not .............................................. his coat.
d I now regret .......................................................... my job. It was a big mistake.
3 a Ben joined the company nine years ago. He became assistant manager after two years, and a few years later he went on ..................................................... manager of the company.
b I can't go on ................................................ here any more. I want a different job.
c When I came into the room, Lisa was reading a book. She looked up and said hello, and then went on ...................................................... her book.
d Food prices have gone up again. How are we going to manage if prices go on ............................................ ?

→ **Additional exercises 26–28** (pages 317–19)

**Raymond Murphy**

# မှိုစိုက်ပျိုးလို့ဝင်ငွေလျှံ စီးပွားဖြစ်တဲ့ရွှေသီးနှံ

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မှိုသည် "တစ်နှစ်တစ်ခါပေါ်လို့လာ ငါသာမင်းလောင်း ထီးဖြူဆောင်း" ဟူသော စကားထာအတိုင်း တစ်နှစ်ပတ်လုံး ပူနွေးသည့်နွေရာသီမှ စိုစွတ်သောမိုးရာသီသို့ အကူးအပြောင်းကာလတွင်သာ သဘာဝအားဖြင့် တစ်ကြိမ်သာပေါက်ရောက်သည်။ ကျေးလက်တောရွာများတွင် နေထိုင်ကြသော ပြည်သူတို့သည် မှိုပေါက်သည့်အချိန်များတွင် တောထဲသို့သွား၍ မှိုရှာထွက်ကြသည်။ မှိုရှာထွက်ကြသူများအနက်မှ ကံကောင်းသည့်သူသာလျှင် မှိုကိုတွေ့ရ၏။ မှိုတွေ့လျှင် အလွန်အမင်းဝမ်းသာပျော်ရွှင်ကြသဖြင့် လူတို့၏ပျော်ရွှင်မှုကိုပင် "မှိုရတဲ့မျက်နှာ" ဟု တင်စားခေါ်ဝေါ်ကြရသည်အထိပင်။

**သဘာဝမှို**

မှိုသည်သဘာဝအတိုင်းပေါက်သော အပင်တစ်မျိုးဖြစ်သည်။ သဘာဝမှိုများမှာ မြေဆွေးမှို၊ သစ်ဆွေးမှို၊ ကောက်ရိုးဆွေးမှို၊ ငှက်စို့မှို၊ တောင်ပို့မှို၊ ဝါးယောင်းမှို စသည်တို့ဖြစ်သည်။ မှိုရှာထွက်သူတို့သည် မှိုကိုတွေ့၍ ဝမ်းသာရသော်လည်း မှိုသည်အဆိပ်ရှိသည်ဟုယူဆကာ မစားရဲကြချေ။ "မှိုချက်လျှင် အိမ်နီးချင်းကို အရင်ကျွေး"ဟူသောစကားအရလည်းကောင်း၊ "မှိုကိုအဆိပ်အတောက်ပြေစေရန် ကန်စွန်းရွက်နှင့်ရောချက်" ဟူသော ဟင်းချက်နည်းအရသော်လည်းကောင်း မှိုတွင်အဆိပ်ရှိကြောင်း သိနိုင်သည်။

ကမ္ဘာပေါ်တွင် မှိုမျိုးစိတ်ပေါင်း ၄၀၀၀ ကျော်ရှိသည့်အနက် စားရသောမှိုနှင့် စားမရသောမှိုဟူ၍ အမျိုးအစားနှစ်မျိုးကွဲပြားသည်။ စားမရသောမှိုများမှာ ခွေးလေးမှို၊ နွားချေးမှို၊ ကွန်ချာမှို၊ ကြက်ဆူမှို စသည်တို့ဖြစ်သည်။ စားရသောမှိုများမှာ ကောက်ရိုးမှို၊ တောင်ပို့မှို၊ ဖက်ဆွတ်မှို၊ ကြက်တူရွေးမှို၊ ခြေတံရှည်မှို၊ မှိုဆန်ကွဲ၊ မှိုကျောက်ခဲ၊ သပြေမှို၊ အပ်မှို၊ သရက်မှို၊ မှိုနီ၊ မှိုဖြူ၊ မြေပဲမှို၊ ငှက်ပျောမှို၊ မြက်ကြားမှို၊ မှိုသားပိုက်၊ မှိုဦးနှောက်၊ ကိုင်းမှို၊ ဆင်သည်းခြေမှို၊ မှိုပြင်းတွနှင့် ဝါမှို စသည်တို့ဖြစ်သည်။

**စိုက်ပျိုးရေးမှို**

မြန်မာနိုင်ငံအပါအဝင် အာရှတိုက်သားများ၊ အနောက်နိုင်ငံသားများနှင့်ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံတို့သည် မှို၏ချိုဆိမ့်သည့်အရသာကို နှစ်သက်ကြသည်။ မှိုကိုဟင်းလျာအဖြစ်အမျိုးမျိုးပြုလုပ်၍ စားသုံးကြသည်။ သဘာဝအတိုင်းပေါက်ရောက်နေသောမှိုများကို တကူးတကရှာဖွေခူးဆွတ်စားသောက်ရာမှ လူသားတို့အတွက် ဘေးအန္တရာယ်များကြုံတွေ့လာကြရာ လူသားအားလုံးအတွက် ဘေးဥပဒ်ကင်းလွတ်ပြီး စား၍ရသောမှိုများကိုရွေးချယ်ပြီး မွေးမြူစိုက်ပျိုးလာကြသည်။

စားသင့်သောမှိုများကိုမွေးမြူရာတွင် မှိုရွေးချယ်ခြင်း၊ မှိုအသားစမွေးမြူခြင်း၊ မှိုမျိုးစေ့ထုတ်လုပ်ခြင်း၊ မှိုမျိုးစေ့ကိုအသုံးပြု၍ မှိုစိုက်ပျိုးထုတ်လုပ်ခြင်း ဟူသော လုပ်ငန်းစဉ်များရှိသည်။ ယနေ့ခေတ်တွင် မှိုသုတေသနလုပ်ငန်းများ၏ အကျိုးရလဒ်အနေဖြင့် မှိုများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးမွေးမြူထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ငွေမိုးမှိုနှင့် ငွေနှင်းမှိုတို့သည် တစ်နှစ်ပတ်လုံးပွင့်နိုင်သည့် မှိုမျိုးများဖြစ်သည်။

**မှိုအောင်မြင်မှုများ**

မြန်မာ့မှိုစိုက်ပျိုးရေးသမိုင်းတွင် ၁၉၇၅-၁၉၇၆ ခုနှစ်မှစတင်၍ ကောက်ရိုးမှိုများကို စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ငွေမိုးမှို၊ ငွေနှင်းမှို၊ ပြည်သာယာမှိုနှင့် ကြွက်နားရွက်မှိုများကို ထပ်မံစမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့သည်။ ၁၉၈၂-၁၉၈၅ ခုနှစ်တွင် ထပ်တစ်ရာမှိုဖြူကို သစ်တုံးတွင်စိုက်ပျိုးအောင်မြင်ခဲ့သည်။

မှိုသည် သဘာဝအရပေါက်ရောက်သောအဆင့်မှ စိုက်ပျိုးနိုင်သောအဆင့်သို့ တစ်စတစ်စတိုးတက်လာရာ မှိုကိုစိုက်ပျိုးရန် စိတ်ဝင်စားသော တောင်သူများလည်း များပြားလာခဲ့သည်။ အချို့တောင်သူများသည် ကောက်ရိုးမှိုနှင့်ငွေနှင်းမှိုများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးထုတ်လုပ်ကြသည်။ အချို့မှာ ကောက်ရိုးမှိုမျိုး ဖြန့်ချိရေးလုပ်ငန်းကို စီးပွားဖြစ်အောင်မြင်စွာလုပ်ကိုင်နေကြသည်။ အချို့တောင်သူများသည် မှိုကိုကိုယ်တိုင်မျိုးထုတ်၍ စီးပွားဖြစ်စိုက်ပျိုးရောင်းချလျက်ရှိပြီး မှိုမျိုးထုပ်များကိုစက်များဖြင့်အမြောက်အမြား ထုတ်လုပ်လာနိုင်ကြပြီဖြစ်သည်။



ငွေနှင်းမှိုစိုက်ထုပ်များဖြင့် စိုက်ပျိုးထားမှုကိုတွေ့ရစဉ်။

**မှိုစီးပွားရေးလုပ်ငန်း**

မှိုသည် သဘာဝအပင်အဆင့်မှ စိုက်ပျိုးထုတ်လုပ်နိုင်သော သီးနှံအဆင့်သို့ရောက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မှိုသီးနှံကို လူကြိုက်များသောစားဖိုဆောင်သီးနှံတစ်မျိုးအဖြစ် သတ်မှတ်ထားသည်။ မှိုစားသုံးမှုမြင့်မားလာသည်နှင့်အမျှ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထုတ်လုပ်သူများလည်း များပြားလာသည်။ အချို့လည်း မှိုစိုက်ပျိုးထုတ်လုပ်မှုကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လာကြသည်။

မှိုစိုက်ပျိုးထုတ်လုပ်မှုစီးပွားရေးလုပ်ငန်းတွင် -

၁။ မှိုမျိုးပုလင်းကို ပြုလုပ်ရောင်းချခြင်း၊

၂။ မှိုမျိုးပုလင်းကိုဝယ်ယူပြီး မှိုစိုက်ထုပ်များကို ပြုလုပ်ဖြန့်ဖြူးခြင်း၊

၃။ အသင့်စိုက်မှိုစိုက်ထုပ်များကို ဝယ်ယူစိုက်ပျိုးပြီး အပွင့်ကိုခူးဆွတ်ရောင်းချခြင်းဟူ၍ အမျိုးအစား သုံးမျိုးတွေ့နိုင်သည်။

ဤသုံးမျိုးအနက် အရေးကြီးဆုံးမှာ မှိုမျိုးပုလင်းပြုလုပ်ရောင်းချခြင်းဖြစ်သည်။ မှိုမျိုးပုလင်းပြုလုပ်ရာတွင် မျိုးကောင်းမျိုးသန့်အထွက်ကောင်းမျိုးများကိုအသုံးပြုပြီး ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် မှိုမျိုးပုလင်းများကို ထုတ်လုပ်နိုင်ရန် အလွန်အရေးကြီးသည်။ မှိုမျိုးတစ်ပုလင်း၊ မှိုမျိုးတစ်ထုပ်မသန့်စင်ပါက ထပ်မံပွားများလာသော စိုက်ပေါင်၊ စိုက်ထုပ်ဟူသမျှသည် မသန့်ရှင်းတော့ဘဲ ပျက်စီးသွားနိုင်သည်။ မှိုစိုက်ပျိုးခြင်းမှထွက်ရှိလာသော မှိုပွင့်များသည်လည်း အရည်အသွေးညံ့ကာ တန်ဖိုးကျဆင်းပြီး ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် မှိုစီးပွားရေးလုပ်ငန်းတွင် ကနဦးအစဖြစ်သော မှိုမျိုးပုလင်းပြုလုပ်ရောင်းချခြင်းသည် အဓိကကျပြီး အရေးကြီးဆုံးလုပ်ငန်းဖြစ်သည်။

မှိုစိုက်ထုပ် သို့မဟုတ် မှိုပျိုးအိတ်ထုပ်ပြုလုပ်ရာတွင် ပထမဦးစွာ ရော်ဘာ၊ လွှစာမှုန့်၊ ထုံး၊ ထန်းလျက်ရည်၊ ဆားခါး၊ ဖွဲနု၊ ကုလားပဲခြမ်းမှုန့်တို့ကို အချိုးကျရောသမမွှေပြီး အလေးချိန် ၈၅ ကျပ်သားခန့်ကို ပျိုးအိတ်ထဲသို့ထည့်ကာ အပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်ရှိသည့် ပေါင်းဖိုထဲတွင် လေးနာရီကြာ ပေါင်းရသည်။ ပေါင်းဖိုမှထွက်လာသော ပျိုးအိတ်ထုပ်ထဲတွင် မှိုမျိုးစေ့ သို့မဟုတ် မှိုမျိုးတစ်သျှုးများထည့်၍ ဈေးကွက်အတွင်းသို့ ရောင်းချသည်။

မှိုပွင့်ရောင်းချခြင်းတွင် မှိုစိုက်ခင်း သို့မဟုတ် မှိုစိုက်ခန်းများပြုလုပ်ကာ မှိုစိုက်ထုပ်များကိုဝယ်ယူ၍ စိုက်ပျိုးခြင်းဖြင့် ထွက်ရှိလာသော မှိုဖူး၊ မှိုပွင့်များကို ခူးဆွတ်ရောင်းချနိုင်သည်။ မှိုကိုကိုယ်တိုင်စိုက်ပျိုးစားချင်သူတို့သည် မှိုစိုက်ထုပ်များကိုဝယ်ယူကာ အိမ်တွင်ရှိသော ရေချိုးခန်းနံရံတွင် ချိတ်ဆွဲထားခြင်း၊ အိမ်ခြံဝင်းအတွင်း အေးသောအရိပ်အောက်တွင် ထားရှိခြင်းတို့ဖြင့် မှိုစိုက်ပျိုးကာ ထွက်ရှိလာသော မှိုဖူး၊ မှိုပွင့်များကို ခူးဆွတ်ချက်ပြုတ်စားသုံးကြသည်။



ငွေနှင်းမှို

**စီးပွားဖြစ်တဲ့ ရွှေသီးနှံ**

မှိုပွင့်ရောင်းချရာတွင် မှိုစိုက်ထုပ် ၁၀၀၀ စိုက်ပျိုးထားသော မှိုစိုက်ခင်းသည် ပထမအကြိမ် ခူးဆွတ်ချိန်တွင် မှို ၂၅ ပိဿာခန့် ထွက်ရှိပြီး တစ်ပတ်ကြာလျှင် ဒုတိယအကြိမ်ခူးဆွတ်ချိန်တွင် ပိဿာ ၂၀ ထွက်ရှိနိုင်သည်။ ငါးကြိမ်မျှ ခူးဆွတ်လျှင် ပိဿာ ၁၀၀ ရရှိပြီး မှိုပွင့်များကို တစ်နှစ်ပတ်လုံးခူးဆွတ်နိုင်သဖြင့် နောက်ပိုင်းခူးဆွတ်မှုများသည် အကျိုးအမြတ်များသာဖြစ်သည်။ မှိုထုပ် ၁၀၀၀ စိုက်ထားလျှင် စုစုပေါင်းမှိုပိဿာ ၂၅၀ မှ ၃၀၀ အထိထွက်နိုင်သည်။ အနည်းဆုံးထွက်ရှိမှုနှင့်တွက်လျှင် ပိဿာ ၁၀၀ သည်အရင်းကျေလျှင် ကျန်တဲ့ပိဿာ ၁၅၀ သည် အမြတ်ငွေဖြစ်သည်။

> ❝ မှိုစိုက်ပျိုးခြင်းသည် အခြားသီးနှံများကဲ့သို့ လုပ်ငန်းဆောင်ရွက်ရမှုမများပြားပေ။ မှိုစိုက်ထုပ်များကို လေဝင်လေထွက်ကောင်း၍ တိုက်ရိုက်နေမပူသောနေရာတွင်ထားပြီး စိုက်ပျိုးရမည်။ ပတ်ဝန်းကျင်ကို အပူချိန် ၂၅-၂၈ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၈၀ ရာခိုင်နှုန်းဖြစ်အောင် စီစဉ်ပေးရမည်။ ရေကိုပုံမှန်လောင်းပေးရုံဖြင့် ပွင့်နိုင်သည့်အပင်မျိုးဖြစ် . . .❞

မှိုစိုက်ပျိုးခြင်းသည် အခြားသီးနှံများကဲ့သို့ လုပ်ငန်းဆောင်ရွက်ရမှုမများပြားပေ။ မှိုစိုက်ထုပ်များကို လေဝင်လေထွက်ကောင်း၍ တိုက်ရိုက်နေမပူသောနေရာတွင်ထားပြီး စိုက်ပျိုးရမည်။ ပတ်ဝန်းကျင်ကို အပူချိန် ၂၅-၂၈ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၈၀ ရာခိုင်နှုန်းဖြစ်အောင် စီစဉ်ပေးရမည်။ ရေကိုပုံမှန်လောင်းပေးရုံဖြင့် ပွင့်နိုင်သည့်အပင်မျိုးဖြစ်သည်။ နေ့စဉ် ရေကို ရေပန်းကရားငယ်ဖြင့် မှိုထုပ်များကို ညင်သာစွာ လောင်းပေးရမည်။ မှိုထုပ်အတွင်း ရေမဝပ်ရန် အထူးဂရုပြုရမည်။ ရေဝပ်ပါက မှိုထုပ်များပုပ်ရှိသွားနိုင်သည်။ ထို့ပြင် မှိုပွင့်ခူးရာတွင် ပိုးမွှားများမဝင်ရောက်စေရန် ဂရုစိုက်ပြီးခူးရမည်။

မှိုသီးနှံသည် စိုက်ပျိုးသူအားလုံးအတွက် စီးပွားဖြစ်နိုင်သော ရွက်ပုန်းသီးသီးနှံတစ်မျိုးဖြစ်သည်။ လက်တွေ့စိုက်ပျိုးနေကြသောသူများသည် လေ့လာမိသလောက် မှိုကိုအောင်မြင်စွာစိုက်ပျိုးနိုင်ပြီး စီးပွားဖြစ်လျက်ရှိသည်။ လက်ရှိပြည်တွင်းတွင်လည်း မှိုစားသုံးသူများပြားလျက်ရှိနေပြီး ဈေးကွက်ကောင်းနေသည်။ အထူးသဖြင့် ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် မှိုကိုအသုံးပြုကြသည်။ ထို့ကြောင့် မှိုသီးနှံကို စိုက်ပျိုးသူများအတွက် စီးပွားဖြစ်နိုင်သည့် ရွှေသီးနှံဟုတင်စားချင်ပါသည်။ ။

# ကမ္ဘာတစ်ဝန်း အလွန်ပြင်းထန်တဲ့ ရာသီဥတုအခြေအနေတွေ့ကြုံရမယ်



**စင်ကာပူ၊ ရာသီဥတု**

ကြိုတင်မျှော်မှန်းထားပြီးသားဖြစ်တဲ့ အလွန်အားကောင်းသော အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း အလွန်ပြင်းထန်တဲ့ရာသီဥတုအခြေအနေနဲ့ တွေ့ကြုံရမယ်လို့ တစ်ကမ္ဘာလုံးဆိုင်ရာ အာမခံကုမ္ပဏီကြီးတစ်ခုက သတိပေး လိုက်ပါတယ်။

အခုအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြီးက ဖြစ်ပေါ်လာနေပြီဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ အတွင်းမှာ ပိုမိုအားကောင်းလာနေတာ ကိုတွေ့ရပါတယ်။ လက်ရှိ ဥရောပနဲ့ မြောက်အမေရိကန်ဒေသတို့မှာမေလကစလို့ စံချိန်တင်အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ် ခဲ့ပြီး အပူလှိုင်းတွေဖြတ်သန်းကာ တောမီး တွေလည်း လောင်ကျွမ်းခဲ့ပါတယ်။ ရှေ့လျှောက်ပြီးတော့လည်း အပူချိန်က ဆက်လက်မြင့်တက်နေမယ့်အလားအလာ ရှိနေတယ်လို့Munich Re အာမခံကုမ္ပဏီရဲ့ သတိပေးချက်မှာဖော်ပြထားပါတယ်။

ဒါ့အပြင် ဒီနှစ်ရဲ့ပထမနှစ်ဝက်ကာလ အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးဖြစ်ပွားမှုတွေ ကြောင့် ကမ္ဘာတစ်ဝန်းဆုံးရှုံးမှုပမာဏက အမေရိကန်ဒေါ်လာ ၁၁၂ ဘီလီယံနီးပါး ရှိနိုင်တယ်လို့ Munich Re အာမခံကုမ္ပဏီက သုတေသနရဲ့ နှစ်ဝက်အစီရင်ခံစာမှာ ဖော်ပြ ထားပါတယ်။

ဒီလိုမျိုးဆုံးရှုံးမှုများပြားလှတဲ့ သဘာဝ ဘေးတွေထဲမှာ ဖင်နီဖွဲလားမှာဖြစ်ပွားခဲ့တဲ့ အမြှားလျှောက်လှုပ်ခတ်မှု၊ အမေရိကန်မှာဖြစ် ပွားခဲ့တဲ့ မုန်တိုင်းများတိုက်ခတ်မှုတို့ပါဝင် ပြီး ဆုံးရှုံးမှုအနေနဲ့ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ အထိရှိတယ်လို့ဆိုပါတယ်။ ရှေ့ကိုမျှော်ကြည့်လိုက်မယ်ဆိုရင် အယ်လ် နီညိုရာသီဥတုဖြစ်စဉ်ကြောင့်အာမခံသမား တွေအနေနဲ့ စိုးရိမ်မှုတွေဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။

**Ref: ST**

# ကွန်ဂိုတွင် အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှု ပိုမိုပြင်းထန်ဆိုးဝါးလာ

**ဂျီနီဗာ၊ ကျန်းမာရေး**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အီဘိုလာရောဂါကူးစက်ပျံ့နှံ့ မှုက ပိုမိုပြင်းထန်ဆိုးဝါးလာနေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ်လ ၁ ရက်မှာသတိပေးလိုက်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုတွေကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားဖို့ တောင်းဆိုလိုက်ပါတယ်။

“အခုဖြစ်နေတဲ့ ရောဂါကူးစက်ပျံ့နှံ့မှုက ကွန်ဂိုနိုင်ငံအတွက် အကြီးမားဆုံးသော အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုဖြစ်လာနေ ပါပြီ” လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ထုတ် ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ ကွန်ဂို နိုင်ငံမှာ အီဘိုလာရောဂါကူးစက်မှုအပြင်း ထန်ဆုံးအချိန်က ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့် နှစ်ကြားကာလဖြစ်ပါတယ်။ အဲဒီအချိန်က ရောဂါဖြစ်ပွားသူ ၃၅၀၀ ဝန်းကျင်မှာ သေဆုံးသူ ၂၃၀၀ နီးပါးရှိခဲ့တာပါ။

အခုလက်ရှိဖြစ်ပွားနေတဲ့ ကူးစက်မှုက မေလ ၁၅ ရက်မှာ စတင်ကြေညာခဲ့တာ ဖြစ်ပြီး ဇူလိုင်လ ၃၀ ရက်အထိစာရင်းများ အရ ရောဂါဖြစ်ပွားသူ ၃၆၀၅ ဦးအထိရှိ ကာ သေဆုံးသူအရေအတွက်က ၁၅၈၇ ဦး ရှိတယ်လို့ဆိုပါတယ်။ ဒါဟာ ရောဂါကူးစက်မှု ခံရပြီးရင် သေဆုံးနိုင်ခြေ ၄၄ ရာခိုင်နှုန်း ရှိနေတယ်ဆိုတာကို ဖော်ပြနေတာပါ။

အီဘိုလာရောဂါဆိုတာ လူ့ခန္ဓာကိုယ် ထဲကထွက်တဲ့အရည်နဲ့ ထိတွေ့မိရာကနေ တစ်ဆင့် ကူးစက်မှုဖြစ်ပွားတာပါ။ လွန်ခဲ့ တဲ့နှစ် ၅၀ အတွင်း အာဖရိကဒေသတစ်ဝန်း မှာ အီဘိုလာရောဂါကူးစက်မှုများကြောင့် လူပေါင်း ၁၅၀၀၀ ကျော်သေဆုံးထားပါ တယ်။ အခုဆိုရင် ကွန်ဂိုမှာဖြစ်တဲ့အီဘိုလာ ရောဂါက တောင်ဆူဒန်နဲ့ယူဂန်ဒါနိုင်ငံတို့ အထိပျံ့နှံ့နေပါပြီ။

**Ref: ST**



# Tesla နဲ့အပြိုင် လူတုစက်ရုပ်တွေကို ဩဂုတ်လမှာ ထုတ်လုပ်သွားတော့မယ့် BYD



**ပေကျင်း၊ နည်းပညာ**

လျှပ်စစ်ကားတွေကို အကြီးအကျယ် ထုတ်လုပ်နေတဲ့အပြင် ကမ္ဘာ့လျှပ်စစ်ကား ဈေးကွက်မှာလည်း ဈေးကွက်ဝေစုကြီးမား စွာရရှိထားတဲ့ BYD ကုမ္ပဏီက သူတို့ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ Tesla ကုမ္ပဏီလိုမျိုးပဲ လူတုစက်ရုပ်တွေကို ထုတ်လုပ်ဖို့စီစဉ်နေ ပါတယ်။ ထုတ်လုပ်မယ့်အချိန်ကလည်း အခုဩဂုတ်လမှာပါ။

ပုံမှန်အားဖြင့် ကနဦးထုတ်ဖော်ပြသတဲ့ စက်ရုပ်တွေက ရှေ့ပြေးပုံစံတွေများပေမယ့် BYD ကတော့ သူတို့ထုတ်ဖော်ပြသသွားမယ့် စက်ရုပ်တွေက လာရောက်လေ့လာသူတွေ နဲ့လည်း အပြန်အလှန်စကားပြောတာတွေ လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ ကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် BYD ကုမ္ပဏီဟာ ဉာဏ်ရည်တု နည်းပညာ (AI) အပေါ်မှာလည်း များစွာ မျှော်လင့်ပြီးရင်းနှီးမြှုပ်နှံမှုတွေလုပ်ထား ပါတယ်။ ဒါကြောင့် သူတို့ရဲ့ AI နည်းပညာ ကို လူတုစက်ရုပ်တွေမှာ ထည့်သွင်းခြင်း အားဖြင့် ကမ္ဘာ့လူတုစက်ရုပ်နယ်ပယ်ထဲကို ခြေစုံပစ်ဝင်ရောက်လာမှာဖြစ်ပါတယ်။

Tesla ကုမ္ပဏီက Optimus အမည်ရှိ စက်ရုပ်ကိုထုတ်ဖော်ပြသလိုက်ပြီးနောက် BYD ကုမ္ပဏီကလည်း Tesla ရဲ့ခြေရာကို လိုက်နင်းတာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ် နိုင်ငံအနေနဲ့ လူတုစက်ရုပ်တွေကို စီးပွား ဖြစ်ထုတ်လုပ်ရောင်းချတဲ့ ပထမဆုံးသော ဈေးကွက်ဖြစ်လာလိမ့်မယ်လို့ BYD ရဲ့ အမှုဆောင်ဒုတိယဥက္ကဋ္ဌ စတယ်လာလီက ပြောထားပါတယ်။

BYD လိုမျိုးပဲ တရုတ်နိုင်ငံရဲ့ထင်ရှား ကျော်ကြားတဲ့ Xpeng၊ Li Auto နဲ့ Xiaomi တို့အပါအဝင် လျှပ်စစ်ကားထုတ်လုပ်တဲ့ ကုမ္ပဏီများစွာက လူတုစက်ရုပ်များစွာကို ထုတ်လုပ်သွားဖို့စီစဉ်နေတဲ့အကြောင်း တရားဝင်ထုတ်ဖော်ပြောထားတာတွေရှိ ပါတယ်။ သူတို့ထုတ်လုပ်သွားမည့်စက်ရုပ် တွေထဲမှာ စက်ရုံ၊ အလုပ်ရုံတွေမှာလုပ်ငန်း ဆောင်ရွက်နိုင်တဲ့ စက်ရုပ်များကစလို့ ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ဝန်ဆောင်မှု လုပ်ငန်းတွေနဲ့ သက်ကြီးရွယ်အိုစောင့်ရှောက် ရေးလုပ်ငန်းတွေအထိလုပ်ဆောင်နိုင်စွမ်း ရှိတဲ့ စက်ရုပ်တွေပါဝင်ပါတယ်။

**Ref: SCMP**

# Aeon ကုန်တိုက်၌ ရှာဖွေကယ်ဆယ်ရေးများ အဆုံးသတ်


**တိုကျို၊ သဘာဝဘေး**

လူ ၃၆ ဦးထက်မနည်း သေဆုံးစေခဲ့တဲ့ ပြင်းထန်တဲ့ငလျင် လှုပ်ခတ်မှုအပြီး ပေါက်ကွဲမှုကြောင့် ပြိုကျပျက်စီးသွားတဲ့ Aeon ကုန်တိုက်အတွင်း ရှာဖွေကယ်ဆယ် ရေး လုပ်ငန်းတွေကို အဆုံးသတ်လိုက်ပြီ ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူတွေက ဩဂုတ်လ ၁ ရက်မှာပြောပါတယ်။

ပြီးခဲ့တဲ့ဇူလိုင်လ ၂၈ ရက်က အင်အား ၇ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်ဒဏ်ခံခဲ့ရတဲ့ ကူမာမိုတိုဒေသရဲ့ သဘာဝဘေးစီမံခန့်ခွဲ ရေးရုံးမှထုတ်ပြန်ချက်အရ အဲဒီနေရာကနေ သေဆုံးသွားပြီဖြစ်တဲ့ လူခုနစ်ဦးရဲ့ ရုပ်အလောင်းတွေနဲ့ အသက်ရှင်ကျန်ရစ်သူ ငါးဦးတို့ကို ကယ်ထုတ်နိုင်ခဲ့တယ်လို့ သိရ ပါတယ်။

“ပျောက်ဆုံးကျန်ရစ်နေသူမရှိစေရေး အတွက်မီးသတ်ဌာန၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းကာ ပြီးခဲ့တဲ့ နှစ်ရက်တာကာလအတွင်းမှာသေသေချာချာ နှံ့စပ်အောင် ရှာဖွေခဲ့ပါတယ်”လို့ ဂျပန် ရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးက ဩဂုတ်လ ၁ ရက်မှာပြုလုပ်တဲ့ သဘာဝဘေး စီမံခန့်ခွဲရေးဆိုင်ရာ အစည်းအဝေးမှာ ပြောပါတယ်။ သေဆုံးသွားသူများက ကုန်တိုက်အတွင်း ငှားရမ်းထားတဲ့ဆိုင်ခန်း များမှဝန်ထမ်းများဖြစ်တယ်လို့သိရပါတယ်။

**Ref: ST**



# အီရန်ရဲ့ စွမ်းအင်အဆောက်အဦကို ဖုံးကွဲဖို့ အမေရိကန်နဲ့အစ္စရေးပြင်ဆင်နေ

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်နဲ့ အစ္စရေးတို့ပူးပေါင်းပြီး အီရန်ရဲ့စွမ်းအင်အဆောက်အဦကို ဖုံးကြဲ တိုက်ခိုက်မှုကြီးတစ်ခုလုပ်ဖို့ပြင်ဆင်နေ တယ်လို့ မီဒီယာများကဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီလို ဖုံးကြဲတိုက်ခိုက်မှု လုပ်မယ့်အချိန်ကလည်း အခုသီတင်းပတ် အစောပိုင်းမှာဖြစ်မယ်လို့ဆိုပါတယ်။

တိုက်ခိုက်မှုလုပ်မယ့်ပစ်မှတ်တွေထဲမှာ ခတ်အားပေးစက်ရုံတွေ၊ ရေနံချက်စက်ရုံ တွေနဲ့ တခြားစွမ်းအင်နဲ့ပတ်သက်တဲ့နေရာ တွေပါဝင်တယ်လို့ CBS သတင်းဌာနက ဖော်ပြထားပါတယ်။ ဒါ့အပြင် အခုလုပ်မယ့် ဖုံးကြဲတိုက်ခိုက်မှုဟာ အီရန်အပေါ်ကို လုပ်ဆောင်ခဲ့တဲ့ ဖုံးကြဲတိုက်ခိုက်မှုများ အနက် အပြင်းထန်ဆုံးဖြစ်မယ်လို့လည်း သတင်းဌာနကဖော်ပြထားပါသေးတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သေသေချာချာစဉ်းစား နေပြီး အခုအချိန်အထိတော့ နောက်ဆုံး ဆုံးဖြတ်ချက်မချရသေးပါဘူးလို့ CBS နဲ့ Axio သတင်းဌာနတို့ကပြောပါတယ်။ တစ်ချိန် တည်းမှာပဲ အမေရိကန်အနေနဲ့ အီရန် အပေါ်တိုက်ခိုက်မှုအသစ်လုပ်ဖို့နဲ့ အခုလုပ် မယ့်တိုက်ခိုက်မှုက ရက်များစွာကြာစေဖို့ ထရမ့်ကအမိန့်ပေးထားပြီးဖြစ်တယ်လို့ လည်း အမေရိကန်တာဝန်ရှိသူများရဲ့ ပြောဆိုမှုကိုကိုးကားပြီး Wall Street Journal က ဖော်ပြထားတာတွေ့ရပါတယ်။ တိုက်ခိုက်မယ့်အစီအစဉ်ကို အစိုးရအဖွဲ့ အစည်းအဝေးမှာ ဆွေးနွေးနေတာလို့ သိရပါတယ်။

**Ref: RT**

# ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သာယာဝတီခရိုင် မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် မိုးညိုမြို့နယ် သရက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့သို့ ရောက်ရှိခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌတို့သည် မင်းလှ-မိုးညိုလမ်းအားလည်းကောင်း၊ မိုးညိုမြို့နယ်ဥယျာဉ်စုကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းရှင် ဦးဟိန်းမင်းထက်၏ အသားတိုးဝက် ၉၆ ကောင် အောင်မြင်စွာမွေးမြူထားရှိမှုအားလည်းကောင်း၊ ဘုရားကြီးကုန်း ခအောင်းပင်တာကြံခိုင်မှုအားလည်းကောင်း၊ လက်ပံတန်း၊ မိုးညို-နတ်တလင်းလမ်းပေါ်ရှိ မြစ်သာပေါက်တံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအားလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာ၌ လုပ်ငန်းရှင် ဦးရွှေဝင်း၏ "ရွှေမြန်မာ" စပါးနှင့် ပဲအမျိုးမျိုးခြွေလှေ့စက်ထုတ်လုပ်ရေး အလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အခြားလယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြားပစ်အားကစားနည်းမှဆုတံဆိပ်များရရှိရန် မျိုးဆက်သစ်အားကစားသမားများရွေးချယ်၍ စခန်းသွင်းလေ့ကျင့်

ရန်ကုန် ဩဂုတ် ၁

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြားပစ်အားကစားနည်းမှ ဆုတံဆိပ်များရရှိရန် ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားများအား ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးနှင့် မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အလုပ်အမှုဆောင်အစည်းအဝေး(၂/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက မြားပစ်အားကစားအဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်နိုင်စေရေးနှင့် မြားပစ်အားကစားအောင်မြင်မှုရရှိစေရေးအတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အလုပ်အမှုဆောင်များကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရန် တင်ပြထားပြီးဖြစ်ကြောင်း၊ မြားပစ်အားကစားတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စက်တင်ဘာလ ၇ ရက်မှ ၂၁ ရက်အထိ ပဲခူးတိုင်းဒေသကြီးတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံမြားပစ်သင်တန်းဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ထူးချွန်သူများအားရွေးချယ်ကာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ မျိုးဆက်သစ်လူငယ်လက်ရွေးစင်အားကစား Camp အဖြစ် စခန်းသွင်းလေ့ကျင့်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်လည်း အခြေခံမြားပစ်သင်တန်းများ ဆက်လက်ဖွင့်လှစ်ပြီး မျိုးဆက်သစ်အားကစားသမားများရွေးချယ်ကာ ဒေသစခန်းများဖွင့်လှစ်၍ စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်မြားပစ်ပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံမြားပစ်ပြိုင်ပွဲများကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။ **ဝန်းရံခ**

# ဘီလိယက်နှင့်စနူကာဆုရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်




ရန်ကုန် ဩဂုတ် ၁

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခု၊ နိုင်ငံ့ဂုဏ်ဆောင် ဘီလိယက်နှင့်စနူကာ အားကစားသမားများ၊ အုပ်ချုပ်နည်းပြအဖွဲ့ဝင်များနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် 2026 Heyball Masters Tour ပြိုင်ပွဲတွင် Runner-up ဒုတိယဆုရရှိခဲ့သည့် မောင်ဘုန်းမြင့်ကျော်(ခ)အားတီတို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ GOLDEN PARK Hotel (Ruby Hall) ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဘီလိယက်နှင့် စနူကာ အားကစားသမားများ၊ အုပ်ချုပ်နည်းပြအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး (၃၃)ကြိမ်မြောက် SEA Games တွင် ဘီလိယက်အသင်းလိုက် ရွှေတံဆိပ်ဆုရ ဦးပေါက်စ၊ ကိုအောင်ဌေး၊ ကိုနေသွေးဦးနှင့် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် 2026 Heyball Masters Tour ပြိုင်ပွဲတွင် Runner-up ဆုရ မောင်ဘုန်းမြင့်ကျော်တို့အား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်စိုးက (၃၃)ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် ဘီလိယက်တစ်ဦးချင်း ငွေတံဆိပ်ဆုရ ဦးပေါက်စ၊ စနူကာတစ်ဦးချင်း ကြေးတံဆိပ်ဆုရ မောင်ဘုန်းမြင့်ကျော်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ခန့်ကျော်က စနူကာ 6-Red တစ်ဦးချင်းကြေးတံဆိပ်ဆုရ မောင်နေမင်းထွန်း၊ စနူကာအသင်းလိုက် ကြေးတံဆိပ်ဆုရ မောင်ဘုန်းမြင့်ကျော်၊ မောင်ဝင်းကိုကို၊ မောင်ကျော်ဝေယံစိုးနှင့် အုပ်ချုပ်နည်းပြအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြကြောင်း သိရသည်။

**လင်းခန့်**

● **မြန်မာ့လက်ဝှေ့မှ**

(၁၁)ကြိမ်မြောက် MLWC ပြိုင်ပွဲကြီးတွင် မျိုးဆက်သစ်လူငယ်များ၏ တက်ကြွမှုနှင့် ဝါရင့်ချန်ပီယံတို့၏ ဂုဏ်သိက္ခာထိန်းပွဲများကို ဟန်ချက်ညီညီ စီစဉ်ထားခြင်းဖြစ်သည်။ အားပြိုင်ကြမည့် တွဲဆိုင်းခြောက်ဆိုင်းလုံးသည် မျိုးဆက်သစ်လူငယ်လက်ဝှေ့ကျော်များ၏ သွေးသစ်စမ်းမှုမှစပြီး ထိပ်သီးချန်ပီယံများ၏ ဂုဏ်သိက္ခာထိန်းပွဲများအထိ စိတ်လှုပ်ရှားဖွယ်ရာစီစဉ်ထားသည်။

၅၃ ကီလိုတန်း လေးချီပွဲစဉ်၌ ဒေါင်းမိုက်သွေး(Nine Lethwei)နှင့် စောရှူဘီ(YMA)၊ ၆၅ ကီလိုတန်း လေးချီပွဲစဉ်၌ ကရင်အောင်လံဆုရှင် အောင်ကိုလတ်(Ray)နှင့် စောထိန်လင်း(555 Sports)၊ ၅၆ ကီလိုတန်း ငါးချီပွဲစဉ်၌ MLWC ရွှေတံဆိပ်ရှင် ဆလိုင်းထန်ခွီးရှိန်(ကျားမနိုင်)နှင့် Sky Net ရွှေအောင်လံဒုတိယဆု၊ SEA Games ကြေးတံဆိပ်ဆုရှင် ဟိန်းထွန်းအောင်(ခေးယူးဝါး)၊ ၆၀ ကီလိုတန်း ငါးချီပွဲစဉ်၌ MLWC ရွှေခါးပတ်ချန်ပီယံ အဲမွီ(အဲကညော)နှင့် Sky Net ရွှေအောင်လံဆုရှင် သန့်ဇင်(ပိုင်သွန်တော်ဝင်ရော)၊ ၆၇ ကီလိုတန်း ငါးချီပွဲစဉ်၌ MLWC ရွှေတံဆိပ်ရှင် နိုင်ဝင်းထွန်း(Nine Lethwei)နှင့် ကရင်အောင်လံဆုရှင် ကမ္ဘာရှား(ဇာထက်မိတ္ထီလာ)၊ ၇၅ ကီလိုတန်း ငါးချီစိန်ခေါ်ပွဲကြီးတွင် ထွန်းမင်းအောင်(Top One)နှင့် ရာမန်(ရိုးရာစွမ်းအား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်းသိရသည်။

**ဝန်းရံခ**

▲ **ကျောဖုံးမှအဆက်**

ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီတွင် ရှမ်းယူနိုက်တက်အသင်းဂိုးဧရိယာအတွင်း ဟန့်တားဖြတ်ထုတ်ပုံကြမ်းခဲ့သည့်အတွက် ISPE အသင်းပယ်နယ်တီရရှိပြီး သက်ထူးစံ ကကန်သွင်း၍ ISPE အသင်းအတွက် ဦးဆောင်ဂိုးကိုရယူပေးခဲ့သည်။ လက်ကျန်ပွဲကစားချိန် တစ်ချိန်လုံး သူတစ်ပြန်ကိုယ်တစ်ပြန်နှင့်သာရှိပြီး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့၍ ၁ ဂိုး ဂိုးမရှိဖြင့် ISPE အသင်းက အနိုင်ရရှိသွားသည်။

ဗဟန်းကွင်း၌ယှဉ်ပြိုင်သည့် မြဝတီအသင်းနှင့် GALAXY အသင်းတို့ပွဲတွင် GALAXY အသင်းက ပထမပိုင်းပွဲပြီးခါနီး အောင်မြတ်သာ၏သွင်းဂိုးဖြင့်ပွဲကိုဦးဆောင်ထားသည်။ ဒုတိယပိုင်းပြန်စသည်နှင့် နှစ်ဖက်ကစားသမားများအပြန်အလှန်ကစားခဲ့ကြပြီး ပွဲကစားချိန် ၆၂ မိနစ်တွင် သန့်ဇင်အောင်က GALAXY အသင်းအတွက် ဒုတိယဂိုးကိုထပ်မံသွင်းယူခဲ့သည်။ မြဝတီအသင်းချေပဂိုးရရှိရေး အကောင်းဆုံးတုံ့ပြန်ခဲ့သော်လည်း ဒုတိယပိုင်းပွဲပြီးခါနီးတွင် ဖိုးချစ်လုံးက ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် GALAXY အသင်းက ၂ဂိုး၁ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ပွဲစဉ်(၁၁)တတိယနေ့ကိုဩဂုတ်လ ၂ရက်**(ယနေ့)**တွင်ဗဟန်းကွင်း၌ ချင်းလန်းအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **ဝန်းရံခ**

## နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးမည်။

**(မိုး/ဇလ)**

# ပထမကျွန်းဆက်တန်းစိန်ခေါ်မှုကိုဖြေရှင်းမယ့် တရုတ်တပ်မတော် - ၁


အခုဆို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ဟာ ၉၉ နှစ်မြောက် နှစ်ပတ်လည်ခဲ့ပါပြီ။ လာမယ့်နှစ်ဆိုရင် ရာစုနှစ်ပြည့်တော့မှာပါ။ ဒီအချိန်မှာ PLA ရဲ့တိုးတက်ပြောင်းလဲလာမှုက တရုတ်ရဲ့ စစ်ရေးမဟာဗျူဟာဘယ်လိုရှိတယ်။ အခုဘာဖြစ်နေတယ်။ အနာဂတ်မှာ ဘာဆက်ဖြစ်မယ်ဆိုတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံက PLA ကို ၂၁ ရာစုနှစ်အလယ်ရောက်ချိန်မှာ ကမ္ဘာ့အဆင့်ရှိတဲ့ တပ်မတော်ဖြစ်လာအောင်အသွင်ပြောင်းလဲသွားဖို့တိုက်တွန်းထားပြီး ဂျပန်ကနေ ထိုင်ဝမ်ကျွန်းကိုဖြတ်ကာ ဖိလစ်ပိုင်အထိ သွယ်တန်းနေတဲ့ ပထမကျွန်းဆက်တန်းတစ်လျှောက်ရှိ အမေရိကန်ဦးဆောင်တဲ့ စစ်ရေးအရအရေးကြီးထိန်းချုပ်နေရာတွေကို ဖောက်ထွက်ဖို့ ရည်ရွယ်ထားတာပါ။

ပထမကျွန်းဆက်တန်းလို့ လူသိများတဲ့ ဒီကျွန်းတွေကအမေရိကန်ဦးဆောင်တဲ့ လုံခြုံရေးစနစ်အခြေခံရာ နေရာဖြစ်ပြီး တရုတ်မဟာဗျူဟာသမားတွေကတော့ ဒီကျွန်းတန်းကို စစ်ဖြစ်လာရင် PLA ရဲ့ လှုပ်ရှားသွားလာခွင့်ကို ဟန့်တားနိုင်မယ့် အဟန့်အတားအဖြစ်သာမက အကျပ်အတည်းဖြစ်လာရင် အမေရိကန်နဲ့ မဟာမိတ်တပ်တွေ ဝင်လာနိုင်ခြေအရှိဆုံးသောလမ်းကြောင်းအဖြစ်ပါ ရှုမြင်ကြပါတယ်။

စစ်အေးတိုက်ပွဲကာလမှာကတည်းကရှိခဲ့တဲ့ ပထမကျွန်းဆက်တန်းဟာ အခုဆိုရင် တရုတ်နဲ့ အမေရိကန်တို့ကြားမှာ စစ်ရေးအရပြိုင်ဆိုင်ကြတဲ့ ကွင်းပြင်ကြီးဖြစ်လာပြီး ပင်တာဂွန်စစ်ဌာနချုပ်ရဲ့ နောက်ဆုံးထုတ် တရုတ်စစ်အင်အားဆိုင်ရာ အစီရင်ခံစာမှာလည်း ဒီကျွန်းဆက်တန်းဟာ တရုတ်နိုင်ငံရဲ့ ဒေသတွင်း မဟာဗျူဟာအတွက် ဗဟိုချက်ဖြစ်တယ်လို့ ထောက်ပြထားပါတယ်။

၂၀၂၇ ခုနှစ် ရာပြည့် PLA တပ်မတော် ရည်မှန်းချက်မတိုင်မီ ၁ နှစ်အလိုမှာ PLA ဟာ လေယာဉ်တင်သင်္ဘောနှစ်စင်း ပူးတွဲစစ်ဆင်ရေးတွေ၊ အဓိကလက်နက်အမြောက်အမြား ထုတ်လုပ်နိုင်မှုနဲ့ ကျွန်းဆက်တန်းကိုကျော်လွန်တဲ့ ချူကလီးယား



ဟန့်တားနိုင်စွမ်း တိုးတက်လာမှုတွေကို ပြသနိုင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာ အမေရိကန်နဲ့ မဟာမိတ်တွေကလည်း ဖိလစ်ပိုင်မှာ စစ်စခန်းသုံးစွဲခွင့်တိုးချဲ့တာ၊ ဒေသတွင်းမိတ်ဖက်တွေနဲ့ ပိုမိုဆန်းသစ်တဲ့ ကာကွယ်ရေးလေ့ကျင့်မှုတွေပြုလုပ်တာအပါအဝင် စစ်ရေးလှုပ်ရှားမှုတွေကို အရှိန်အဟုန်မြှင့်ပြုလုပ်လာကြပါတယ်။

ဂျပန်က ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်လိုက်ပြီး အနောက်တောင်ဘက်ကျွန်းစုတွေတစ်လျှောက် သင်္ဘောပစ်နဲ့ လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်အသစ်တွေနဲ့ပြင်ဆင်လာသလို အမေရိကန်ကလည်း ထိုင်ဝမ်ကျွန်းနဲ့ မျက်နှာချင်းဆိုင်နေရာအများစုအပါအဝင် ဖိလစ်ပိုင်မှာရှိတဲ့ စစ်ဘက်ဆိုင်ရာနေရာတွေကို အလှည့်ကျဝင်ရောက်ခွင့် တိုးချဲ့လာခဲ့ပါတယ်။

အမေရိကန်၊ ဂျပန်နဲ့ ဖိလစ်ပိုင်တို့ရဲ့ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရင်ကသမားရိုးကျစစ်ရေးလေ့ကျင့်မှုတွေကနေ ခေတ်မီတဲ့ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုအဖြစ် ပြောင်းလဲလာခဲ့ပြီး နှစ်နိုင်ငံချင်း စစ်ရေးမဟာဗျူဟာတွေကနေ နိုင်ငံများစွာပိုမိုပေါင်းစပ်ထားတဲ့ ဒေသတွင်းလုံခြုံရေးစနစ်အဖြစ် အသွင်ပြောင်းလာခဲ့ပါတယ်။

Freeman Spogli အဖွဲ့မှ အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာလေ့လာရေးမှူး အိုရီယာနာ စကိုင်လာမက်စထရိုရဲ့အဆိုအရပြောရရင် စစ်စခန်းတွေကိုအသုံးပြုခွင့်နဲ့ လေကြောင်းဖြတ်သန်းခွင့် ပိုရလာတာဟာ ရလဒ်ကြီးမားတဲ့ အပြောင်းအလဲတစ်ခုဖြစ်တယ်လို့ဆိုရပါလိမ့်မယ်။

National Bureau of Asian Research မှသုတေသီတစ်ဦးဖြစ်တဲ့ ကေထရစ္စတန်ထန်းကလည်း ဒီအယူအဆကို ထောက်ခံပြီး Balikatan နဲ့ Resolute Dragon လို အကြီးစား ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေက နယ်ပယ်စုံအာရုံခံစနစ်တွေ၊ ကွပ်ကဲမှုနဲ့ ထိန်းချုပ်မှု၊ ကမ်းရိုးတန်းကာကွယ်ရေး၊ ပေါင်းစပ်ပစ်ခတ်မှုတွေနဲ့ အဓိကပင်လယ်ပြင်နယ်မြေတွေ ကာကွယ်ရေးကို ပိုမိုအလေးထားဇာတ်တိုက်လေ့ကျင့်လာကြတယ်လို့ ပြောပါတယ်။

မကြာသေးမီနှစ်တွေအတွင်း PLA ဟာ ရေတပ်အင်အားတိုးချဲ့တာ၊ စစ်ရေးမူဝါဒ၊ ပူးတွဲစစ်ဆင်ရေးတွေနဲ့ ဟန့်တားမှုတွေအထိ ပထမကျွန်းဆက်တန်းကိုကောင်းစွာတုံ့ပြန်ဖို့ သိသာတဲ့စစ်ရေးအပြောင်းအလဲတွေကို ပြုလုပ်ခဲ့ပါတယ်။ ထို့အတူ တရုတ်နိုင်ငံဟာ ဒေသတွင်းပစ်မှတ်တွေကိုခြိမ်းခြောက်နိုင်တဲ့ ကမ္ဘာ့အကြီးဆုံးလက်နက်တိုက်ရှိနေပြီလို့ Carnegie Endowment for International Peace မှ ကျို့ထောင်းကပြောပါတယ်။

ရှေ့ကိုမျှော်ကြည့်ရင် တရုတ်အစိုးရက ချူကလီးယားစွမ်းအင်သုံးကိုယ်ပျောက်ရေငုပ်သင်္ဘောတွေကို သိသိသာသာတိုးချဲ့ဖို့ရည်မှန်းထားပုံရတယ်လို့ သူကဆိုပါတယ်။ ရပ်ဖျက်နိုင်စွမ်း၊ ကြံ့ခိုင်မှုနဲ့ အဝေးပစ်တိုက်ခိုက်နိုင်စွမ်းတွေပေါင်းလိုက်ရင် ဒီတပ်ဖွဲ့ဟာ အမေရိကန်ရဲ့ အဓိကစစ်ရေးအားသာချက်တစ်ခုကို စိန်ခေါ်လာနိုင်လိမ့်မယ်လို့ ကျို့ထောင်းက ဆက်ပြောပါတယ်။

တစ်ချိန်က ကမ်းရိုးတန်းကာကွယ်ရေးကိုပဲ အဓိကထားခဲ့တဲ့ PLA ရေတပ်ဟာ သင်္ဘောအရေအတွက်အရ ကမ္ဘာ့အကြီးဆုံးရေတပ်ဖြစ်လာခဲ့ပြီး သူတို့ရဲ့ပိုင်နက်ရေပြင်တွေမှာ စစ်ဆင်ရေးတွေကိုပြုလုပ်လာခဲ့ပါတယ်။ ဒါဟာပြိုင်ဆိုင်မှုပြင်းထန်တဲ့ပတ်ဝန်းကျင်မှာ စစ်ဆင်ရေးလုပ်ရင်း ပင်လယ်ရပ်ခြား အကျိုးစီးပွားတွေကို ကာကွယ်နိုင်မယ့် ရေတပ်တစ်ခုကို တည်ဆောက်ဖို့ စနစ်တကျကြိုးပမ်းမှုကို ပြသနေတာပါ။

မက်စထရိုရဲ့အဆိုအရပြောရမယ်ဆိုရင် တရုတ်နိုင်ငံဟာ ကျွန်းဆက်တန်းရဲ့ မြောက်ဘက်ရေပြင်တွေဖြစ်တဲ့ အရှေ့တရုတ်ပင်လယ်နဲ့ ထိုင်ဝမ်ရေလက်ကြားတို့မှာ အမေရိကန်ရဲ့အားသာချက်တွေကို တဖြည်းဖြည်းတိုက်စားပစ်နေပြီ ဖြစ်ပါတယ်။

"တရုတ်မှာ စစ်စခန်းတွေပိုများတယ်။ အရေအတွက်အရလည်း အင်အားထုကြီးရှိတယ်။ တရုတ်ဟာ သင်္ဘောတွေ၊ ဒုံးကျည်တွေနဲ့ စစ်လက်နက်ပစ္စည်းတွေကို အမေရိကန်ထက် ပိုမိုမြန်ဆန်စွာအမြောက်အမြားထုတ်လုပ်နိုင်တယ်။ အမေရိကန်ဟာ အဲဒီအရေအတွက်ပြိုင်ပွဲမှာ ရှုံးနေတာတော်တော်ပင်ကြာပါပြီ" လို့ မက်စထရိုကပြောပါတယ်။

**Ref: SCMP**

ထက်မြတ်

# အော်တစ်ဇင်ကုထုံးအတွက် လမ်းစတစ်ခုပေါ်ပေါက်လာ



အမေရိကန်ရှိ UCLA တက္ကသိုလ်မှ သုတေသီတွေဟာ မိခင်ဝမ်းဗိုက်ထဲမှာရှိစဉ် ရောင်ရမ်းမှုဒဏ်ခံရလို့ အရွယ်ရောက်ချိန်မှာ အော်တစ်ဇင်နဲ့တူသော လက္ခဏာတွေဖြစ်ပေါ်နေတဲ့ ကြွက်တွေကို Rapamycin ဆိုတဲ့ ဆေးတစ်မျိုး တစ်ကြိမ်စာ တိုက်ကျွေးစမ်းသပ်ခဲ့ကြပါတယ်။

ထူးခြားတာကတော့ဆေးတိုက်ပြီး ၂ နာရီအတွင်းမှာ ကြွက်တွေရဲ့ မူမမှန်တဲ့ ဦးနှောက်လှိုင်းတွေက ငြိမ်သက်သွားပြီး ထပ်ခါတလဲလဲလုပ်တတ်တဲ့ အမူအကျင့်တွေနဲ့ အာရုံခံစားမှု လွန်ကဲတာတွေဟာ အလျင်အမြန် လျော့ကျသွားခဲ့တာကိုတွေ့လိုက်ရပါတယ်။

ဒီဆေးက ဦးနှောက်ရဲ့ပျက်စီးသွားတဲ့တည်ဆောက်ပုံကို ပြန်ပြင်ပေးတာမျိုးမဟုတ်ဘဲ ဦးနှောက်ကလာပ်စည်းတွေကြား လျှပ်စစ်ဆီးဆင်းမှုကို ခေတ္တပြန်ညှိပေးလိုက်တာဖြစ်တယ်လို့ သုတေသီတွေကဆိုပါတယ်။ Rapamycin ဟာ ရေရှည်မှာ ဘေးထွက်ဆိုးကျိုးတွေရှိနိုင်သလို ဆေးယဉ်ပါးမှုလည်း မြန်တာကြောင့် ဒါကိုလူတွေမှာ တိုက်ရိုက်သုံးစွဲဖို့မသင့်သေးပါဘူး။

အခုစမ်းသပ်မှုကနေပြသလိုက်တာကတော့ အရွယ်ရောက်ပြီးဖြစ်တဲ့ ဦးနှောက်က မူလထင်ထားတာထက်ပိုပြီး လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်စွမ်းရှိတယ်ဆိုတာကို သက်သေပြလိုက်တာပါ။ ဒါကြောင့် အနာဂတ်မှာ အော်တစ်ဇင် ကုထုံးအသစ်တွေကို ထိရောက်စွာ ဖော်ထုတ်နိုင်ဖို့ လမ်းစတစ်ခုပေါ်ပေါက်လာပြီဖြစ်တယ်လို့သုတေသီများကဆိုပါတယ်။

**Ref: STD**

**ကိုထက်**

# ကမ္ဘာ့အကြီးဆုံးဖြစ်လာမယ့် ဂျပန်ရဲ့ဖျက်သင်္ဘော

အမေရိကန်ရဲ့မဟာမိတ်ဖြစ်တဲ့ ဂျပန်နိုင်ငံက AEGIS စနစ်တပ်ဆင်ထားတဲ့ ဖျက်သင်္ဘောတစ်စင်းကို တည်ဆောက်နေပါတယ်။ အခုဆိုရင် အဲဒီသင်္ဘောတည်ဆောက်မှုကတော်တော်လေးကို ခရီးရောက်နေပါပြီ။

တန်ချိန်အားဖြင့် ၁၄၅၀၀ အထိရှိမယ့် ဒီဖျက်သင်္ဘောဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးဖျက်သင်္ဘောဖြစ်လာမှာပါ။ ဒ့ါအပြင် မျိုးဆက်သစ်ဖြစ်တဲ့ ဒီဖျက်သင်္ဘောဟာ ဂျပန်နိုင်ငံရဲ့ ဒုံးကျည်ကာကွယ်ရေးစွမ်းရည်တွေကို ပိုမိုမြှင့်တင်ပေးနိုင်စေမှာဖြစ်တယ်လို့ဆိုပါတယ်။

အရင်တုန်းက ဖျက်သင်္ဘောတွေဆိုတာ ရေငုပ်သင်္ဘောနဲ့ရေပြင်သွားသင်္ဘောတိုက်ဖျက်ရေးကို အဓိကဦးတည်ထုတ်လုပ်ထားတာဖြစ်ပါတယ်။ အခုမျိုးဆက်သစ်သင်္ဘောကတော့ အမြင့်ပျံဒုံးကျည်ကာကွယ်ရေးကိုအဓိကဦးစားပေးထားတာဖြစ်ပါတယ်။

ဒါကြောင့် သူ့မှာတပ်ဆင်သွားမယ့်စနစ်က အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်နဲ့ ကွန်ရက်ချိတ်ဆက်ထားတဲ့ AEGIS စနစ်ဖြစ်ပါတယ်။ ဒီစနစ်က အမြင့်ပျံဒုံးကျည်များသာမက အနိမ့်ပျံဒုံးကျည်များအပါအဝင် ဝေဟင်ပစ်မှတ်အများအပြားကို တစ်ချိန်တည်းမှာခြေရာခံခြင်းနဲ့ ကြားဖြတ်ပစ်ချခြင်းတို့ကို လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။

ဒ့ါအပြင် ဒီဖျက်သင်္ဘောက ဂျပန်နိုင်ငံရဲ့ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ပိုမိုခိုင်မာစေမယ့်အပြင် အားကောင်းစေမှာဖြစ်တယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**



➥ ကျောဖုံးမှအဆက်

ဓားပြတိုက်လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ ချမ်းမြသာစည်မြို့နယ်၊ အမှတ် (၁၁)နယ်မြေရဲစခန်း (ပ)၁၁၄/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် ချမ်းမြသာစည်မြို့နယ်၊ (ဆ)ရပ်ကွက်နေ ထက်ဝေကျော်(ခ)ကိုထက်(၂၂)နှစ်အား ဇူလိုင်လ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် အမြန်လမ်းမကြီးမိုင်တိုင်အမှတ်(၁၅၈)မိုင်၌လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်နေ ရှိုင်းကို(ခ)ငရှိုင်း(၃၀)နှစ်အား ယင်းနေ့ ညနေပိုင်းတွင် ဒေးဝန်းအနောက်ရပ်ကွက်၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ သင်္ဂဇာချောင်းဘေး၌လည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် စစ်ကိုင်းမြို့နယ်၊ အာလောင်ကျေးရွာနေ အောင်ကျော်ဇော(ခ) အောင်ကျော်(ခ)အကြီးကောင်(၃၃)နှစ်နှင့် ချမ်းမြသာစည်မြို့နယ်၊ (ဆ)ရပ်ကွက်နေ ကောင်းခန့်ကျော် (ခ) ဘိုကောင်း(၂၁)နှစ်တို့နှစ်ဦးအား ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်ရှိ Golden ကန်တော်ကြီးတည်းခိုခန်း၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အာလောင်ကျေးရွာနေ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်(၅၈)နှစ်နှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းများအား ရောင်းချပေးသူ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်နေ မောင်မောင်မင်းဇော်(ခ)ကိုမင်း(ခ)ကျားကြီး(၅၇)နှစ်တို့နှစ်ဦးအားသက်သေခံပစ္စည်းများဖြစ်သည့် အရည်ကျိုရွှေ ၄ တုံး၊ ဟန်းချိန်း ၂ ကုံး၊ ငွေကျပ်သိန်း ၃၁၀ တို့နှင့် အတူပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့၊ဘုရားကြီးရပ်ကွက်၊ ဘုရားကြီးလမ်းဆုံမီးပွိုင့်အနီး၌လည်းကောင်း၊ အောင်မြေသာစံမြို့နယ်၊ စံပယ်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အလယ်ဆောင်၊ အခန်းအမှတ်(၆၇)နေ ကျော်စိုးဝင်း (၅၀)နှစ်အား ၎င်း၏နေအိမ်အခန်း၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများဖြစ်ကြသည့် သိန်းမြင့်(ခ) ရွှေဘိုမောင်နိုင်(ခ) မျိုးခိုင်(ခ) ကိုနိုင်၊ ထက်ဝေကျော်(ခ)ကိုထက်၊ ရှိုင်းကို(ခ)ငရှိုင်း၊ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ)အကြီးကောင်၊ ကောင်းခန့်ကျော်(ခ)ဘိုကောင်းနှင့် ကျော်စိုးဝင်းတို့ ၆ ဦးအား သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက်စစ်ဆေးခဲ့ရာ ဇူလိုင်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင်အောင်ကျော်ဇော(ခ)အောင်ကျော်(ခ)အကြီးကောင်၏နေအိမ်မှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SHG SAUER P 320 အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်တို့အားလည်းကောင်း၊ ယင်းနေ့နေ့လယ်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင် ရပ်ကွက်၊ Golden ကန်တော်ကြီးတည်းခိုခန်းမှ Click အနက်ရောင်နှင့် CANDA-125 အစိမ်းရင့်ရောင်ဆိုင်ကယ် ၂ စီးအားလည်းကောင်း၊ ကျော်စိုးဝင်း၏နေအိမ်မှ SHAYAN-125 အနက်ရောင် ဆိုင်ကယ် ၁ စီးနှင့် လေးခွ ၁ လက်၊ မူလီ (ကုန်းသီး) ၃၁ လုံးအားလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အိမ်အမှတ်(ညည-၇၁)မှ NEWANBO-125 အနက်ရောင် ဆိုင်ကယ်၁စီးအားလည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့ပြီး လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းများအား လက်ခံထားရှိသူ စစ်ကိုင်းမြို့နယ်၊ အာလောင်ကျေးရွာနေ တရားခံ အောင်ကျော်ဇော (ခ) အောင်ကျော်(ခ)အကြီးကောင်၏ဇနီးဖြစ်သူ ခင်စန်းရီ(၂၆)နှစ်အား ရွှေဟန်းချိန်း ၂ ခု၊ ရွှေဆွဲကြိုး ၂ ကုံးတို့နှင့်အတူ ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင်ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင် ရပ်ကွက်၊ Golden ကန်တော်ကြီးတည်းခိုခန်း၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်ရှိ “ပေါ်ဦး”ရွှေဆိုင်အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၄ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားတစ်ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ “မီလျံနာ”ရွှေဆိုင်အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၆ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသား ၂ ဦး၊ အမျိုးသမီး ၃ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်ရှိ “ပေါ်ဦး”ရွှေဆိုင်အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၄ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားတစ်ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိမှု။




တရားခံများအား ဆက်လက်စစ်ဆေးခဲ့ရာ မီလျံနာရွှေဆိုင်အား လုယက်မှုကျူးလွန်ရာတွင် သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်မှခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး လုယက်မှုကျူးလွန်ရန် ရွှေဆိုင်များအား လှည့်လည်ကြည့်ရှုခြင်းနှင့် လုယက်စဉ်ဆိုင်ရှေ့လမ်းပေါ်မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း၊ ရွှေဆိုင်အတွင်းသို့ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ)အကြီးကောင်မှ သေနတ်ပစ်ဖောက်ဝင်ရောက်၍ ကျော်စိုးဝင်းက ဆိုင်အပြင်မှ လေးခွဖြင့် ပစ်ခတ်ရန်အသင့်စောင့်နေခဲ့ပြီး ကောင်းခန့်ကျော်(ခ)ဘိုကောင်းမှ ပုဆိန်ဖြင့် မှန်ကောင်တာများအား ထုခွဲကာ ထက်ဝေကျော် (ခ) ကိုထက်နှင့် ရှိုင်းကို(ခ)ငရှိုင်းတို့နှစ်ဦးမှ ရွှေထည်ပစ္စည်းများအား သယ်ယူခဲ့ကြကြောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၏ နေအိမ်တွင် အရည်ကျိုပုံဖျက်၍ ၎င်း၏ဇနီးဖြစ်သူ အိအိချောနှင့် ချွေးမဖြစ်သူ နှင်းသန္တာအောင်(ခ)နှင်းနှင်းတို့က ၎င်းရွှေတုံးများအားရန်ကုန်မြို့ရှိ မောင်မောင်မင်းဇော်(ခ)ကိုမင်း(ခ)ကျားကြီး၏ ချိတ်ဆက်ပေးမှုဖြင့် ရွှေရောင်း/ဝယ်လုပ်ကိုင်သူ နေလင်းထံတွင် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ပူးပေါင်းပါဝင်ကျူးလွန်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာမှရရှိသည့် ရွှေထည်ပစ္စည်းများလက်ခံဝယ်ယူသူ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်နေ နေလင်း(၅၀)နှစ်အား အလေးချိန် ၂၆ ကျပ်သားရှိ ရွှေချောင်း ၂ ချောင်းနှင့်အတူ ဇူလိုင်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ အရည်ကျိုရွှေတုံးများအား သယ်ယူရောင်းချပေးသူ စစ်ကိုင်းမြို့နယ်၊ အာလောင်ကျေးရွာနေ အိအိချော(၃၉)နှစ်နှင့် နှင်းသန္တာအောင်(ခ)နှင်းနှင်း(၁၈)နှစ်တို့အား အရည်ကျိုရွှေတုံးများ ရောင်းချရာမှရရှိသည့် ငွေကျပ်သိန်း ၂၄၀ နှင့်အတူ ဇူလိုင်လ ၂၈ ရက်နေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ကုန်းတန်းကြီး တာပတ်အနောက်ရပ်ကွက်၌လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်ပါ ၆ ဦးတို့အား အခြားပြစ်မှုများ ကျူးလွန်ထားမှု ရှိ/မရှိ ဆက်လက်စစ်ဆေးခဲ့ရာ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၊ ကောင်းခန့်ကျော်(ခ)

စာမျက်နှာ ၂၇ သို့ ➥

# ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း (၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရို ဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၆</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td>–</td><td>–</td><td>–</td><td>–</td><td>ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၇</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၈</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၉</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>တောင်ငူမြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပြည်မြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သာယာဝတီမြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဖျာပုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ကယားပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>လွိုင်ကော်မြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၃</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

---

➥ **စာမျက်နှာ ၂၆ မှအဆက်**

ဘိုကောင်း၊ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ)အကြီးကောင်တို့၃ဦးသည်ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ထွန်းလင်းအောင်(ခ)နိုင်ကိုကိုနှင့် ဝေဖုန်းသူ(ခ)ဝေကြီးတို့ ၂ ဦးနှင့်အတူ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်ရှိ "ပေါ်ဦး"ရွှေဆိုင်အား သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့ကြကြောင်း၊ လုယက်ရာမှရရှိသည့်ရွှေထည်ပစ္စည်းများအား သန်းစိုးမှ ထုခွဲရောင်းချပေးခဲ့ကြောင်း ဖော်ထုတ်သိရှိသဖြင့် တရားခံများဖမ်းဆီးရမိဆောင်ရွက်ခဲ့ရာ ရွှေထည်ပစ္စည်းများထုခွဲရောင်းချပေးသူပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ သန်းစိုး(၅၅)နှစ်အား ဇူလိုင်လ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ လုယက်မှုကျူးလွန်ရာတွင်ပါဝင်သူ ချမ်းမြသာစည်မြို့နယ်၊ ဧရာထွန်းရပ်ကွက်နေ ထွန်းလင်းအောင်(ခ)နိုင်ကိုကို(၂၈)နှစ်အား ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအနက် အောင်ကျော်ဇော(ခ) အောင်ကျော်(ခ) အကြီးကောင်သည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ "မိုးမန္တလေး" ရွှေဆိုင်အား လုယက်မှုမှဖမ်းဆီးရမိတရားခံများဖြစ်ကြသည့် ငြိမ်းလင်းကိုကို(ခ)ငလက်မ၊ ရဲနိုင်စိုးနှင့်နိုင်လင်းခန့်(ခ)မိုးဒီ၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် အောင်ကျော်ဦး(ခ)ဆံရှည်၊ ဝေဖုန်းသူ(ခ)ဝေကြီးတို့နှင့်အတူ လုယက်မှုကျူးလွန်ခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ "မီလျံနာ"ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၊ အောင်ကျော်ဇော (ခ)အောင်ကျော်(ခ)အကြီးကောင်၊ ကောင်းခန့်ကျော်(ခ)ဘိုကောင်း၊ ထက်ဝေကျော်(ခ)ကိုထက်၊ ရှိုင်းကို(ခ)ငရှိုင်း၊ ကျော်စိုးဝင်းတို့ ၆ ဦးနှင့် ပူးပေါင်းပါဝင်သူ မောင်မောင်မင်းဇော်(ခ)ကိုမင်း(ခ) ကျားကြီး၊ နေလင်း၊ အိအိချော၊ နှင်းသန္တာအောင်(ခ)နှင်းနှင်း၊ ခင်စန်းရီတို့ ၅ ဦး၊ စုစုပေါင်းတရားခံ ၁၁ ဦးတို့အား သက်သေခံပစ္စည်းများဖြစ်သည့် ရွှေထည်ပစ္စည်းစုစုပေါင်း အလေးချိန် ၄၂ ကျပ်သား ၁၄ ပဲ ၃ ရွေး၊ ငွေကျပ် ၅၄၀ သိန်း၊ SHG SAUER P 320 အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်၊ ဆိုင်ကယ် ၄ စီး၊ လေးခွ ၁ လက်၊ မူလီ(ကုန်းသီး) ၃၁ လုံးတို့နှင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်အား လုယက်ရာတွင် သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ)မျိုးခိုင်(ခ)ကိုနိုင်၊ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ)အကြီးကောင်၊ ကောင်းခန့်ကျော်(ခ)ဘိုကောင်းတို့ ၃ ဦးနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့သူများဖြစ်ကြသည့် ထွန်းလင်းအောင်(ခ)နိုင်ကိုကိုနှင့် သန်းစိုးတို့ ၂ ဦးအားလည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ လုယက်မှု ၂ မှုမှ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၃ ဦး၊ စုစုပေါင်း တရားခံ ၁၃ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့်လုယက်မှုများမှ ဖမ်းဆီးရန်ကျန်တရားခံများနှင့်သက်သေခံပစ္စည်းများသိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချမည်ဆိုပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ကျင်းပမည့်ပြိုင်ပွဲများတွင်ပါဝင်မည်မဟုတ်ကြောင်း ယူအီးအက်ဖ်အေထုတ်ပြန်




နီယွန် ဩဂုတ် ၁

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) အဖွဲ့ဝင် ၅၅ နိုင်ငံက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချမည်ဆိုပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး ပြိုင်ပွဲကို အစုရှယ်ယာများသတ်မှတ်၍ ပြင်ပမှစီးပွားရေးရင်းနှီးမြှုပ်နှံသူများထံရောင်းချပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရရှိရန်စီစဉ်နေကာ ရရှိသည့်ဝင်ငွေများမှ လက်အောက်ခံအဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးငွေများ ပေးအပ်ရန်စီစဉ်နေကြောင်း အတည်ပြုခဲ့ပြီးနောက် ဥရောပဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၅၅ နိုင်ငံက အရေးပေါ်အစည်းအဝေးလုပ်ဆောင်ပြီး အစည်းအဝေးဆုံးဖြတ်ချက်တွင် ဖီဖာ၏အစီအစဉ်ကို ကန့်ကွက်ကြောင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချမည့် အစီအစဉ်ကို ထောက်ခံသည့် နိုင်ငံများအနေဖြင့် ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ စီရရှိမည်ဟု ကြေညာထားသော်လည်း နိုင်ငံအများစုက ကန့်ကွက်မှုများ လုပ်ဆောင်ထားသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၅၅ နိုင်ငံ၏ အရေးပေါ်အစည်းအဝေးကျင်းပပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရောင်းချမည့်အစီအစဉ်အား ဆက်လက်လုပ်ဆောင်မည်ဆိုပါက အဖွဲ့ဝင် ၅၅ နိုင်ငံအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ ကြီးမှူးကျင်းပမည့် ပြိုင်ပွဲအားလုံးတွင် ပါဝင်ကစားမည်မဟုတ်ကြောင်း၊ သမိုင်းဝင်ကမ္ဘာ့ဖလားပြိုင်ပွဲသည် စီးပွားရေးအရ ရောင်းစားရမည့်ပြိုင်ပွဲတစ်ခုမဟုတ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကမ္ဘာ့ဖလားပြိုင်ပွဲအား ရှယ်ယာရောင်းချမည့်အစီအစဉ်ကို ဥရောပဘောလုံးအဖွဲ့ချုပ်အပြင် မြောက်အမေရိက ဘောလုံးအဖွဲ့ချုပ်နှင့် ဖီဖာလက်အောက်ခံနိုင်ငံအများစုကလည်း ကန့်ကွက်မှုများလုပ်ဆောင်ထားကြကြောင်း သိရသည်။

*Ref:Topskillsports UK*

## လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းက ရေးဗားပလိတ်အသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေသည့် လူငယ်တိုက်စစ်ကစားသမား မက်စတန်တူနီအား အသင်းတွင် ဆက်လက်ထိန်းထားရန် ဆုံးဖြတ်ခဲ့သည်။
- နယ်သာလန်ထိပ်တန်းကလပ် အေဂျက်အသင်းက ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းနေသည့် ဒေါ့မွန်အသင်း တောင်ပံကစားသမားဘားနက်အား ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့သည်။
- ကိုမိုအသင်းက ချယ်လ်ဆီးအသင်းမှ ရောင်းချရန် ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား ချာလိုဘက်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိသည်။
- ဘုန်းမောက်အသင်းက ဘင်ဖီကာအသင်းမှ ဗဟိုခံစစ်ကစားသမား အန်တိုနီယိုဆေးဗားလ်အား ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းအပြင် အပိုဆုကြေး ယူရို ငါးသန်း စုစုပေါင်း ယူရို သန်း ၃၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများ လုပ်ဆောင်မည်ဖြစ်သည်။
- ဘရန့်ဖို့ဒ်အသင်းက လန်းအသင်းမှ ကွင်းလယ်ကစားသမား ဆန်ဂါရီအား ကလပ်အသင်းစံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၄၁ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

# Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ဘာစီလိုနာအသင်းမှကူဘာစီ ထိပ်ဆုံး၌ဦးဆောင်နေ

ဘာစီလိုနာ ဩဂုတ် ၁

အီတလီနိုင်ငံအခြေစိုက် Tuttosports အားကစားမဂ္ဂဇင်းက ရွေးချယ်ချီးမြှင့်ပေးအပ်မည့် Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ လူငယ်ခံစစ်ကစားသမား ကူဘာစီက ထိပ်ဆုံး၌ဦးဆောင်နေသည်။

Golden Boy ဆုကို ကမ္ဘာတစ်ဝန်းက အသက် ၂၁ နှစ်အောက်ကစားသမားများမှ စိစစ်ရွေးချယ်ခြင်းဖြစ်ပြီး ဆုရွေးချယ်မှုစနစ်အရ လက်ရွေးစင်အသင်းနှင့် ကလပ်အသင်းတို့တွင် စွမ်းဆောင်ရည်များအပေါ် သတ်မှတ်ပြီး ပေးအပ်ခြင်းဖြစ်သည်။

ကူဘာစီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်း စပိန်လာလီဂါဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ခံစစ်ကစားသမားအဖြစ်ပါဝင်သကဲ့သို့ ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်းနှင့်အတူ ပွဲစဉ်တိုင်း ပါဝင်ကစားခွင့်ရရှိကာ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ပြိုင်ပွဲ၏လူငယ်ကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့ပြီး Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး၌ ဦးဆောင်နေခြင်းဖြစ်သည်။

Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ကူဘာစီ၏နောက်တွင် အိုင်ဗရီကို့စ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ဒီယိုမန်ဒီက အဆင့်(၂)၊ ပြင်သစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ဇိုင်းအမ်မရီက အဆင့် (၃)၊ ဂျာမနီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ခါရယ်က အဆင့်(၄)နှင့် ဘရာဇီးအသင်းနှင့် ချယ်လ်ဆီးအသင်းမှ အက်စ်တီဗာအိုက အဆင့်(၅) နေရာ၌ အသီးသီးရပ်တည်နေသည်။ Golden Boy ဆုသည် လူငယ်ကစားသမားဆုအတွက် အထင်ကရဆုတစ်ခုဖြစ်ကြောင်း သိရသည်။ *Ref;Scores 90*




# ဆိုင်းငံ့ရမှတ် ခြောက်မှတ်လျှော့ပြစ်ဒဏ်မှ ချယ်လ်ဆီးအသင်း ကင်းလွတ်ခွင့်ရရှိသည့်အတွက် ကစားသမားအပြောင်းအရွှေ့များ ဆက်လက်လုပ်ဆောင်နိုင်မည်

လန်ဒန် ဩဂုတ် ၁

ချယ်လ်ဆီးအသင်းအနေဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုကြောင့် ဆိုင်းငံ့ရမှတ် ခြောက်မှတ်လျှော့ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိသည့်အတွက် ကစားသမားအပြောင်းအရွှေ့များ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အသင်းပိုင်ရှင်ဟောင်း အီဗရာမိုဗစ်ချ်လက်ထက်တွင် ကစားသမားခေါ်ယူရာတွင် တရားမဝင်ငွေပေးချေခြင်း၊ အေးဂျင့်များအား ငွေပေးချေရာတွင် တရားမဝင်လမ်းကြောင်းများမှ ပေးချေခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုများ လုပ်ဆောင်အပြီးတွင် ချယ်လ်ဆီးအသင်းအကယ်ဒမီအတွက် ကစားသမားခေါ်ယူခွင့်ပိတ်ပင်ခြင်း၊ ရမှတ်ခြောက်မှတ်လျှော့ ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခြင်းများအပြင် ဒဏ်ကြေးငွေများလည်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ချယ်လ်ဆီးအသင်းပိုင်ရှင်သစ်ဖြစ်သည့် တော့ဘိုလီက အဆိုပါပြစ်ဒဏ်များအတွက် အသေးစိတ်အချက်အလက်များဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ရောက်ပြီးနောက် အယူခံအောင်မြင်သည့်အပြင် ဒဏ်ကြေးပေးဆောင်ခဲ့သည့်ငွေများမှ စတာလင်ပေါင် ၁၀ သန်း ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်မှရရှိသည့် ဒဏ်ကြေးငွေ ၁၀ သန်းပြန်လည်ရရှိခဲ့သော်လည်း အဆိုပါစတာလင်ပေါင် ၁၀ သန်းကို လူငယ်အကယ်ဒမီအတွက်သာ ပြန်လည်အသုံးပြုရမည်ဖြစ်သည်။

အစောပိုင်းက ချယ်လ်ဆီးအသင်းအနေဖြင့် ကစားသမားအပြောင်းအရွှေ့လုပ်ဆောင်ခွင့် နှစ်ရာသီ ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခံထားရသော်လည်း လက်ရှိတွင် အယူခံအောင်မြင်သည့်အတွက် ကစားသမားအပြောင်းအရွှေ့များ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ *Ref:The Athletic*

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၈၉) ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဌ - ၉၁၂၂၄၄

### အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

ဍ - ၉၇၇၁၈၀ ည - ၉၈၆၉၄၁

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဈ - ၃၀၂၂၁၅ ဍ - ၇၃၃၅၅၅
ဋ - ၃၅၂၁၄၅

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဌ - ၃၆၁၁၉၉ ဋ - ၈၇၀၁၂၅
ည - ၅၁၇၃၁၀ ဈ - ၉၂၆၂၀၀

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

| | |
|---|---|
| တ - ၁၁၂၃၅၆ | က - ၇၆၁၁၃၆ |
| ည - ၄၁၃၆၉၈ | တ - ၇၈၆၁၇၄ |
| တ - ၅၄၅၆၈၃ | ခ - ၉၁၁၃၀၂ |
| ဆ - ၅၄၉၂၈၉ | ည - ၉၂၄၄၂၂ |
| ဆ - ၅၆၆၁၅၆ | ခ - ၉၄၇၀၀၃ |
| ဏ - ၆၅၅၈၈၉ | စ - ၉၈၉၅၈၀ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

| | | |
|---|---|---|
| ပ - ၁၉၁၁၃၇ | င - ၄၄၁၂၉၄ | ပ - ၆၈၂၃၉၉ |
| င - ၃၂၁၆၃၉ | ဏ - ၄၆၄၇၆၉ | ဈ - ၇၆၈၃၀၇ |
| င - ၃၂၅၂၈၃ | စ - ၄၈၀၄၀၆ | ဌ - ၉၂၆၇၃၆ |
| တ - ၃၈၅၅၆၅ | ခ - ၅၂၅၈၅၉ | ည - ၉၇၃၂၅၄ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

| | | |
|---|---|---|
| ဍ - ၁၈၈၄၀၅ | ဇ - ၃၈၃၃၄၄ | ဌ - ၆၀၆၁၇၈ |
| စ - ၂၉၂၅၇၃ | ပ - ၄၃၇၄၉၂ | ပ - ၆၃၃၆၄၀ |
| င - ၃၂၃၆၈၃ | ခ - ၄၇၉၇၁၁ | ခ - ၆၄၈၀၂၈ |
| ဏ - ၃၆၁၉၄၁ | စ - ၅၄၆၃၅၄ | ဃ - ၆၉၃၀၆၃ |
| စ - ၃၆၃၄၇၅ | ည - ၅၇၉၁၀၅ | ဃ - ၇၉၂၈၉၂ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

| | |
|---|---|
| တ - ၁၄၉၆၇၁ | ဈ - ၆၀၆၂၁၄ |
| ဍ - ၁၅၁၉၇၆ | ဂ - ၆၁၆၃၉၆ |
| ဈ - ၂၀၅၂၈၇ | က - ၆၅၂၈၂၂ |
| ဆ - ၂၃၈၂၈၀ | ဋ - ၈၁၇၈၆၆ |
| ဂ - ၃၂၄၁၀၉ | က - ၈၅၉၅၆၅ |
| ဈ - ၃၃၂၁၀၈ | ဂ - ၉၁၁၀၅၉ |
| ဌ - ၅၀၃၆၅၂ | ဇ - ၉၁၉၀၆၄ |
| ဈ - ၅၁၆၉၀၄ | ဃ - ၉၇၂၈၅၇ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀) ဆုများ

| | | | |
|---|---|---|---|
| ပ - ၂၁၁၀၉၅ | တ - ၅၀၇၈၇၀ | ခ - ၇၂၅၄၀၂ | ဍ - ၈၆၁၉၇၂ |
| တ - ၂၈၂၈၇၀ | တ - ၅၁၉၀၆၁ | ည - ၈၁၀၉၀၁ | ဍ - ၈၇၁၀၃၉ |
| ခ - ၃၄၄၂၂၅ | တ - ၅၉၂၈၀၅ | ဍ - ၈၁၃၅၁၄ | တ - ၉၂၅၄၆၇ |
| ဏ - ၃၉၄၁၇၈ | တ - ၆၃၅၅၈၆ | င - ၈၁၉၄၆၂ | ဇ - ၉၉၄၇၀၈ |
| ဏ - ၄၄၇၈၃၂ | တ - ၆၄၅၁၈၄ | ဈ - ၈၄၀၁၁၆ | |
| င - ၄၇၇၃၃၃ | ည - ၆၇၃၈၃၁ | တ - ၈၄၆၆၉၄ | |
| ပ - ၅၀၀၄၂၄ | ဃ - ၆၈၃၁၃၆ | င - ၈၅၁၀၄၂ | |

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ည - ၁၃၄၀၁၄ | ဌ - ၂၆၉၃၃၅ | ဂ - ၄၀၀၁၉၆ | ဏ - ၆၄၆၉၉၅ | ဇ - ၇၆၅၂၀၆ |
| ဏ - ၁၇၉၉၂၅ | ဂ - ၂၀၆၈၉၀ | တ - ၄၂၈၃၉၀ | ည - ၆၅၂၄၇၀ | ဇ - ၈၁၄၁၄၀ |
| ပ - ၁၉၁၃၁၆ | ဌ - ၃၂၀၂၅၁ | ဂ - ၅၂၅၁၄၈ | ဇ - ၆၆၆၇၄၆ | ဋ - ၈၄၀၈၄၇ |
| ခ - ၁၉၅၀၁၂ | တ - ၃၂၁၉၀၇ | က - ၅၇၂၄၅၂ | ဋ - ၇၁၉၃၉၆ | ဇ - ၈၉၁၈၃၀ |
| ဌ - ၂၂၇၆၈၉ | ဍ - ၃၈၁၂၆၅ | ဈ - ၆၃၁၇၁၇ | င - ၇၄၅၆၅၈ | ဃ - ၉၆၂၁၁၀ |
| ဂ - ၂၄၅၁၀၄ | ည - ၃၉၄၁၀၄ | ဏ - ၆၃၇၇၉၄ | င - ၇၆၂၂၀၆ | |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅) ယူနစ်

စ - ၂၄၅၆၀ ပ - ၆၄၆၀၃
ဇ - ၂၆၆၈၄ ဈ - ၈၃၄၉၃
ဈ - ၂၆၈၄၀

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၀) ယူနစ်

| | |
|---|---|
| ဌ - ၁၃၃၀ | ဆ - ၄၆၇၉ |
| ဈ - ၁၉၆၇ | ဃ - ၅၉၁၁ |
| ဆ - ၃၄၇၇ | င - ၅၉၂၇ |
| င - ၃၆၄၆ | ဃ - ၇၈၅၂ |
| ဍ - ၄၃၄၁ | က - ၉၅၃၆ |

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၂) ယူနစ်

| | | |
|---|---|---|
| ည - ၁၄၅ | ဈ - ၆၃၂ | ဈ - ၇၉၆ |
| ဇ - ၃၁၆ | ပ - ၆၉၀ | ဋ - ၉၀၁ |
| ဃ - ၄၉၄ | တ - ၆၉၉ | တ - ၉၂၃ |
| ဌ - ၅၁၇ | ခ - ၇၅၁ | ဆ - ၉၉၈ |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၇) ယူနစ်

ဌ - ၂၉ ဏ - ၄၉ ဏ - ၅၄ င - ၇၈
ဏ - ၄၀ ဂ - ၅၂ ဇ - ၇၆

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဍ - ၈

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဇ - ၁၄၁၂၇၇ ဇ - ၄၉၉၈၈၆
ဃ - ၄၁၈၃၄၉ စ - ၆၀၀၃၇၁

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ည - ၂၁၉၃၅ ဏ - ၆၄၀၅၆

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ဍ - ၃၉၃၈
ဍ - ၉၄၅၄

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဋ - ၁၈၂
ဆ - ၂၆၅

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၆ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၈၉) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၈၅၃၉၃) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၈၅၃၉၃) ဦးဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် အကြိမ်(၉၀)မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဒ) အက္ခရာထိ အက္ခရာ (၁၈) လုံးဖြစ်ပါသည်။

၃။ (၈၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၃-၈-၂၀၂၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁-၈-၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
GOLD MEDAL


OKKAN
SUGAR
MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ


NAY PYI TAW
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၁-၈-၂၀၂၆

| | | | |
|---|---|---|---|
| ကျိုက္ခမီ | ၃ ဒသမ ၉၃ လက်မ | ဒေးဒရဲ | ၃ ဒသမ ၀၃ လက်မ |
| သထုံ | ၃ ဒသမ ၈၂ လက်မ | မဒေါက် | ၂ ဒသမ ၅၂ လက်မ |
| ဘီးလင်း | ၃ ဒသမ ၅၀ လက်မ | ထားဝယ် | ၂ ဒသမ ၄၄ လက်မ |
| ပဲခူး | ၃ ဒသမ ၄၃ လက်မ | နေပြည်တော် | ၂ ဒသမ ၃၆ လက်မ |
| သံတောင်ကြီး | ၃ ဒသမ ၀၆ လက်မ | (ဥတ္တရသီရိမြို့နယ်) | |

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ "မီလျှံနာ"ရွှေဆိုင်နှင့် မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်တို့အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၃ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ ၆၂ လမ်းနှင့် ၆၄ လမ်းကြား၊ မနော်ဟာရီလမ်းရှိ "မီလျှံနာ" ရွှေဆိုင်အား ဇူလိုင်လ ၂၀ ရက်နေ့ မွန်းလွဲပိုင်းက အမျိုးသား ၆ ဦးမှ ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ သေနတ်ပစ်ဖောက်ဝင်ရောက်ကာ ဆိုင်ရှိဝန်ထမ်းများအား ခြိမ်းခြောက်ပြီး မှန်ကောင်တာများအား ပုဆိန်ဖြင့်ရိုက်ခွဲ၍ ရွှေထည်ပစ္စည်းမျိုးစုံ၊ စုစုပေါင်းရွှေချိန် ၈၅ ကျပ်သား ၄ ပဲခန့်(တန်ဖိုးငွေကျပ် ၅၉၂၉ သိန်း)ခန့်အား

စာမျက်နှာ ၂၆ ကော်လံ ၁ ➡



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ "မီလျှံနာ"ရွှေဆိုင်အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၆ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၃ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် လာအိုအသင်းယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်မှ ဩဂုတ်လ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းပါဝင်သည့် အုပ်စု(B)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် လာအိုအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဩဂုတ်လ ၄ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ




# MNL U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းနှင့် GALAXY အသင်းတို့ နိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၁

2026 MNL U–20 လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁) ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ပြိုင်ကွင်းများ၌ ကျင်းပရာ ISPE အသင်းနှင့် GALAXY အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

အမှတ်ပေးဇယား အဆင့်(၁)နေရာမှ ISPE အသင်းနှင့် အဆင့်(၅)နေရာမှ ရှမ်းယူနိုက်တက်အသင်းတို့ သီဟဒီပကွင်း၌

စာမျက်နှာ ၂၄ ကော်လံ ၃ ▲

# (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မြန်မာစီးပွားရေးကော်ပိုရေးရှင်းက အဓိကပံ့ပိုးကူညီပြီး MAI၊ မင်္ဂလာလေကြောင်းလိုင်း၊ A bank၊ Max Cement တို့၏ ပါဝင်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်နှင့် Myanmar Martial Arts Group(MMAG)မှ နှစ်စဉ်မပျက်ကျင်းပလာခဲ့သည့် (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ဩဂုတ်လ ၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ရိုးရာလက်ဝှေ့ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

"အလဲထိုးစနစ်"ကို အသုံးပြုသွားမည်ဖြစ်ရာ ဘက်လိုက်မှုမရှိဘဲ အဖြူအမည်း သဲသဲကွဲကွဲ ပြတ်ပြတ်သားသားအနိုင်ယူ




ချင်ကြသည့် ကစားသမားများအတွက် စိန်ခေါ်မှုဖြစ်သလို ပရိသတ်များအတွက်လည်း စက္ကန့်မလပ် ရင်ခုန်စိတ်လှုပ်ရှားကြရမည့် ပွဲကြီးတစ်ပွဲလည်းဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ●

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဂုတ်ထိပ်-၁ အဆန် ပြင်ဦးလွင်-ဂုတ်ထိပ် RBE ရထားလမ်းချော်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၁

မန္တလေး–လားရှိုးလမ်းပိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဘူတာမှ ထွက်ခွာလာသော ဂုတ်ထိပ်–၁ အဆန်ပြင်ဦးလွင်–ဂုတ်ထိပ် ခရီးစဉ်ပြေးဆွဲသော တွဲနှစ်တွဲပါ RBE ရထားသည် ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်နှင့် ပွဲကောက်ဘူတာအကြား မိုင်တိုင်အမှတ် (၄၂၆/၃) နှင့် (၄၂၆/၄)အကြား ပြင်ဦးလွင်မှ မိုးကြိုးပစ်ကျေးရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းနှင့် ရထားသံလမ်း တရားမဝင်လမ်းကူးသို့ နံနက် ၈ နာရီ ၁၇ မိနစ်၌ရောက်ရှိဖြတ်သန်းစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားသံလမ်းပေါ်သို့

စာမျက်နှာ ၁၇ ကော်လံ ၄ ■



ဂုတ်ထိပ်–၁ အဆန် RBE ရထား ပြင်ဦးလွင်–ပွဲကောက်ကြား လမ်းချော်မှုနှင့် လမ်းချော်သည့်တွဲအား ပြန်လည် 'မ' တင်နေမှုကိုတွေ့ရစဉ်။

**နိုင်ငံတကာသတင်း**

**အော်တစ်ဇင်ကုထုံးအတွက် လမ်းစတစ်ခုပေါ်ပေါက်လာ** — စာ – ၂၅ သို့

စာ – ၂၅ သို့

**ကမ္ဘာတစ်ဝန်း အလွန်ပြင်းထန်တဲ့ ရာသီဥတုအခြေအနေ တွေ့ကြုံရမယ်**

စာ – ၂၃ သို့